ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ စနေနေ့၊ (30-8-2014) (၇၉၄၈)

## ဝီရိယနှင့် ဆန္ဒအကျိုး

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။ (မူလဋီ၊ ၃၊ ၁၆၉။)

## မိုးရွာသွန်းမှု

၃၀-၈-၂၀၁၄

| | |
|---|---|
| ရေး | ၆ ဒသမ ၈၉ လက်မ |
| လောင်းလုံ | ၃ ဒသမ ၀၇ လက်မ |
| မြိတ် | ၃ ဒသမ ၀၄ လက်မ |
| ကျိုက္ခမီ | ၂ ဒသမ ၈၀ လက်မ |
| ထားဝယ် | ၂ ဒသမ ၆၈ လက်မ |
| ဖျာပုံ | ၂ ဒသမ ၀၅ လက်မ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းဘုရင့်ဖလား ဆွတ်ခူးရရှိခဲ့သည့် လက်ရွေးစင်ဘောလုံးအသင်း ဂုဏ်ပြုပွဲတက်ရောက်

**နေပြည်တော် ဩဂုတ် ၂၉**

၂၀၁၄ ခုနှစ် ဘရူနိုင်းဘုရင့်ဖလားဘောလုံး ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ မြန်မာ့လက်ရွေးစင် အသက်(၁၉) နှစ်အောက် ဘောလုံးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက် အားပေးချီးမြှင့်သည်။

ယခုအောင်ပွဲသည် မြန်မာ့ဘောလုံးသမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် ထင်ကျန်ရှိနေမည် ဖြစ်ပြီး အောင်မြင်မှုနှင့်အတူ မြန်မာလူငယ် အသင်း၏ အသင်းအဖွဲ့ စိတ်ဓာတ်၊ စည်းလုံးမှု စိတ်ဓာတ်နှင့် အားကစားစိတ်ဓာတ်ကို အမြင့်ဆုံး ပြသနိုင်ခဲ့သည်။ ဘရူနိုင်းဘုရင့်ဖလား ဘောလုံး ပြိုင်ပွဲသမိုင်းတွင် မြန်မာနိုင်ငံက ဒုတိယဆုကို နှစ်ကြိမ်ရရှိခဲ့ပြီး ယခုအကြိမ်တွင် အမြင့်ဆုံး ဆုဖလားအပြင် အသန့်ရှင်းဆုံးဆုကိုပါ ပူးတွဲရရှိခဲ့သည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အဖွဲ့ဝင်များ၊ နည်းပြနှင့် အသင်းအုပ်ချုပ်သူများ၊ အောင်ပွဲရ မြန်မာ့လက်ရွေးစင် အသက်(၁၉)နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက်(၁၉)နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ဒုဋ္ဌဝတီမြစ်ကူးတံတား အရေးပါ



သီပေါကိုလတ်

မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် သီပေါမြို့တည်ရှိကြောင်း တင်ပြခဲ့ပြီး ဖြစ်ပါသည်။ သီပေါမြို့ကို ဒုဋ္ဌဝတီမြစ်က အရှေ့မြောက်ဘက်နှင့် တောင်ဘက်တို့မှ ဝန်းရံကွေ့ဝိုက်စီးဆင်းနေသည်။ လားရှိုး-မူဆယ်ဘက်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဘက်သို့ သွားလိုလျှင် ယင်းဒုဋ္ဌဝတီမြစ်ကို ဖြတ်ကူး၍ သွားမှရသည်။

ထို့ကြောင့် လိုအပ်သော ဒုဋ္ဌဝတီ မြစ်ကူးဘေလီတံတားအမျိုးအစားကို ၁၉၄၆ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ တံတားဆောက်လုပ်၍ အသုံးပြုလာခဲ့စဉ် နှစ်(၄၀)ခန့်အကြာ ၁၀-၁၀-၁၉၈၆ ရက်နေ့တွင် ဒုဋ္ဌဝတီ မြစ်ရေကြီးသဖြင့် ယင်းတံတားကြီး တစ်စင်းလုံး ရေထဲမျောပါသွားခဲ့သည်။ အလယ်အုတ်တိုင်ကြီးနှစ်ခုသာ ကျန်ရစ်သည်။ တံတားကို ၂၉-၁၀-၁၉၈၆ ရက်နေ့တွင် ဆောက်လုပ်ရေးလုပ်ငန်းမှ ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❖



ကြေးမုံ စာတည်း ရှုထောင့် ၃၀-၈-၂၀၁၄၊ စနေနေ့

# အခြေခံလိုအပ်ချက်ကိုဖြည့်ဆည်း

ပြည်သူများ၏ အခြေခံလိုအပ်ချက်(ဝါ)ပြည်သူများ၏ မျှော်လင့်ချက်မှာ စားရေး၊ ဝတ်ရေး၊ နေရေး ပြည့်စုံလိုခြင်း ဖြစ်ပါသည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုကာလတွင် အဆိုပါလိုအပ်ချက်သုံးမျိုးကို အခြေခံသော ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏လိုအပ်ချက်၊ ပြည်သူများ၏ မျှော်လင့်ချက်များမှာ များပြားနေမည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီအသွင်ကူးပြောင်းစကာလအတွင်း နိုင်ငံတော်က ပြည်သူများ၏ လိုအင်ဆန္ဒများကို အကောင်းဆုံး ဖြည့်ဆည်းပေးခဲ့သည်မှာ ငြင်းနိုင်ဖွယ်မရှိပါ။ ဆက်လက်၍လည်း ကျန်ရှိသော ကာလအတွင်း မိမိတို့လုပ်စရာရှိသည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် အရှိန်အဟုန်ပြင်းပြင်းဖြင့် လုပ်ကိုင်ကြရန် လိုအပ်ကြောင်းကိုလည်း နိုင်ငံတော်သမ္မတကြီးက ပထမလေးလပတ်အစည်းအဝေး တတိယနေ့တွင် အတိအလင်းပြောကြားထားသည်။

စားဝတ်နေရေး၊ သားသမီးများ ပညာသင်ကြားနိုင်ရေးနှင့် ဆေးဝါးကုသနိုင်ရေးတို့သည် ပြည်သူများ၏ အဓိက လိုအပ်ချက်ဖြစ်သည့်အပြင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသောအချက်လည်းဖြစ်ပါသည်။ စားဝတ်နေရေးပြေလည်စေရန် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရမည်ဖြစ်သည်။ ပြည်သူအများစုသည် ကျေးလက်နေပြည်သူများဖြစ်၍ မြေနှင့် ရေသည် ကျေးလက်နေပြည်သူများအားထားရာ အရင်းအနှီးတစ်ခုဖြစ်ပါသည်။

ရေနှင့်မြေကို ကျေးလက်ပြည်သူများ အရင်းအနှီးပြုပြီး စိုက်နိုင်ပျိုးနိုင်အောင် ဖန်တီးပေးရန် နိုင်ငံတော်သမ္မတကြီးက တိုက်တွန်းထားသည်။ ထို့အပြင် လူဦးရေမှာ နှစ်စဉ်တိုးပွားနေသဖြင့် စားရေးအတွက် ဖူလုံအောင် လယ်မြေကို အခြားနည်းလမ်းဖြင့် အသုံးမပြုရန် ဥပဒေဖြင့် ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်း လမ်းညွှန်ထားသည်။

လယ်မြေယာမြေဆိုသည်မှာ လယ်ယာလုပ်သူများ အစဉ်အလာအားဖြင့် စိုက်ကြပျိုးကြ အသက်မွေးဝမ်းကျောင်းပြုကြရာ မြေနေရာများဖြစ်သည်။ လယ်မြေသည် လယ်လုပ်ရန်သာဖြစ်ပြီး အခြားနည်းလမ်းများဖြင့် အလွယ်တကူ အသုံးမပြုနိုင်အောင်လည်း ဥပဒေကကန့်သတ်ထားပြီးဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံတော်ရှိ မြေအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်ကြောင်း ဖော်ပြထားသည်။

အဆိုပါ လယ်ယာမြေများကို စီမံခန့်ခွဲရန်အတွက် နိုင်ငံတော်အစိုးရက လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် အဖွဲ့အစည်းများကသာ ဥပဒေနှင့်အညီ စီမံခန့်ခွဲခွင့်ရှိပြီး အခြားနည်းလမ်းများဖြင့် ရောင်းဝယ်ဆောင်ရွက်ခြင်း မပြုလုပ်သင့်ပေ။ ပြည်သူများ၏အကျိုးစီးပွားကို ရှေးရှု၍ မြို့စီမံကိန်း၊ ရွာစီမံကိန်း၊ လုပ်ငန်းစီမံကိန်းများကို တာဝန်အပ်နှင်းထားသော အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလိမ့်မည်။

နိုင်ငံအကျိုးပြု စီမံကိန်းများလုပ်ဆောင်နေမှုကိုလည်း ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ပြည်သူလူထုနှင့်တွေ့ဆုံပွဲများ၊ သတင်းစာ၊ ရေဒီယို၊ တီဗွီစသည့် မီဒီယာလုပ်ငန်းများဖြင့် သတင်းထုတ်ပြန်ပေးမှုများလည်း ဆောင်ရွက်နေကြသည်။ ပြည်သူများအား အမြန်ဆုံးအကျိုးပြုနိုင်မည့်လုပ်ငန်းများကို တတိယလှိုင်းဖြင့် အရှိန်အဟုန် မြှင်တင်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရသည်။

ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးသည် ဆက်နွယ်နေသဖြင့် ပြည်သူများလိုအပ်ချက်ကို အလေးထားကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးကြိုးပမ်းဆောင်ရွက်ကြရမည်သာဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌ ဥပဒေနှင့်အညီ ဆောင်ရွက်မှု၊ ထင်သာမြင်သာရှိရှိဆောင်ရွက်မှုတို့ကို ဒီမိုကရေစီခေတ်နှင့် လျော်ညီစွာဆောင်ရွက်ကြပေလိမ့်မည်။

သို့ဖြစ်ရာ ပြည်သူများစားဝတ်နေရေး ပြည့်စုံစေရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရကအချိန်တိုကာလအတွင်းအလေးထားဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများကလည်း ဥပဒေ၊ စည်းကမ်းများနှင့်အညီ နိုင်ငံတော်၏ ပံ့ပိုးကူညီဖြည့်ဆည်းပေးမှုများကိုရယူကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၂၉**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၀၃၀၀ | - ၆၇၁၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၀၀၀၀ | - ၆၇၁၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၂၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၇၈. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၇. ၉၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၃၆၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၇. ၂၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၀၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၃၅. ၃၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၅. ၄၈၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၀၇. ၀၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆. ၆၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**



# လယ်ယာသုံးစက်ပစ္စည်းများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးမည်

**ဖြူး ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီးအတွင်း ကိုရီးယားသမ္မတနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ပစ္စည်းများ သရုပ်ပြပွဲ အခမ်းအနားကို ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ မြတ်အိန္ဒြေကုမ္ပဏီစိုက်ကွင်း၌ ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက ပြုလုပ်ရာ သမဝါယမဝန်ကြီးဌာန သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသောင်းနိုင်က နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအနက် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမ အသင်းသား တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးခြင်း၊ မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လယ်ယာသုံးစက်ပစ္စည်းများကို စဉ်ဆက်မပြတ် အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ယခု ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာများကို နှစ်ရှည်အရစ်ကျ ငွေချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကိုရီးယားနိုင်ငံမှ ထုတ်လုပ်သည့် လက်တွန်းထွန်စက်၊ လယ်ထွန်စက်နှင့် စပါးရိတ်သိမ်းခြွေလှေ့စက် ကိုးမျိုးကို လက်တွေ့မောင်းနှင်သရုပ်ပြသကြသည်။ လယ်ယာသုံးစက်ပစ္စည်းများကို တစ်နှစ်အာမခံပေးထားပြီး စက်ပစ္စည်းများဝယ်ယူချိန်တွင် တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းပေးသွင်း၍ ကျန်ငွေကို ခြောက်လတစ်ကြိမ်နှုန်းဖြင့် (၆)နှစ်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ပြပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်ဦးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်တို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ (၂၈)မြို့နယ်မှ သဝါယမ အသင်းသား တောင်သူလယ်သမားများ၊ ဖြူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်းအင်အား ၁၇၀၀ ခန့် တက်ရောက်ကြသည်။ **(ဖြူး-မြင့်ဦး)**







ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက်(၁၉)နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများအတွက် ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။ (သတင်းစဉ်)

### ❒ နိုင်ငံတော်သမ္မတမှ

အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အားကစားကဏ္ဍတိုးတက်လာခြင်းသည် နိုင်ငံတော်နှင့်ပြည်သူလူထု၏ လူမှုရေးအခန်းကဏ္ဍကို မြှင့်တင်ပေးရာရောက်သကဲ့သို့ နိုင်ငံနှင့်လူမျိုး၏ အရည်အသွေးကိုလည်း နိုင်ငံတကာအလယ်တွင် ထိုးဖောက်ဝင်ရောက်ပြသနိုင်သည့် တစ်ခုတည်းသောအခွင့်အလမ်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာကို ထိုးဖောက်ဝင်ရောက်ပြသနိုင်ရန် အခွင့်အလမ်းမှာ အားကစားကဏ္ဍအနေဖြင့် အားကစားနည်းပေါင်းများစွာ ရှိခဲ့သော်လည်း နိုင်ငံ၏ အမျိုးသားအားကစားဖြစ်သည့် ဘောလုံးအားကစားနည်းသည် မြန်မာအားကစားသမားများ ယှဉ်ပြိုင်ကြသည့် အားကစားပြိုင်ပွဲအမျိုးအစားအားလုံးထဲတွင် မြန်မာပရိသတ်လူကြီး၊ လူလတ်၊ လူငယ်၊ ကလေးအစ ကျား၊ မ မရွေးအထူးနှစ်ခြိုက်ပြီး စိတ်ပါဝင်စားမှုအရှိဆုံးသော အားကစားနည်းတစ်ခုဖြစ်ပါကြောင်း၊ အထူးသဖြင့် နိုင်ငံအလိုက်ယှဉ်ပြိုင်ကြရသည့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်း အောင်နိုင်ရေးအတွက် တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက်တစ်ခဲနက် စိတ်ဓာတ်တက်ကြွစွာ အားပေးကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အခြားအားကစားနည်းများ၏ အောင်မြင်မှုကို ဘောလုံးအားကစားနည်း၏ အောင်မြင်မှုက လွှမ်းခြုံသွားနိုင်စွမ်းရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယနေ့အောင်မြင်မှုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အသက်(၁၉)နှစ်အောက် ဘောလုံးအသင်း၏အခြေအနေကို ပြန်ကြည့်လျှင် ယခုကဲ့သို့ အောင်မြင်မှုရရှိရန် မြန်မာ့လူငယ်ဘောလုံးအသင်းသည် လွန်ခဲ့သည့်တစ်နှစ်ခွဲလောက်ကတည်းက ကြိုတင်ပြင်ဆင်ခဲ့ကြပါကြောင်း၊ ဂျာမနီနည်းပြ မစ္စတာဂတ်ကို တာဝန်ပေးအပ်၍ အသင်းကို စိတ်ကြိုက်ဖွဲ့စည်းစေခဲ့ပါကြောင်း၊ အတွေ့အကြုံရအောင် MNL-2 ပွဲတွင် ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပါကြောင်း၊ နိုင်ငံတကာပွဲ အတော်များများကိုလည်း သွားရောက်ကစားခဲ့ပါကြောင်း၊ ဂျာမနီနှင့် ချက်သမ္မတနိုင်ငံများကိုလည်း တစ်လခန့်စေလွှတ်ပြီး ထိပ်တန်းနိုင်ငံများ၊ ကလပ်အသင်းများကို လူငယ်အသင်းများနှင့်ခြေစမ်းပွဲများ စေလွှတ်ကစားစေခဲ့ပါကြောင်း၊ ရန်ကုန်မြို့တွင်လည်း ဂျပန် အသက် (၁၉)နှစ်အောက်အသင်းကို ဖိတ်ခေါ်ပြီး ခြေစမ်းပွဲကစားစေခဲ့ပါကြောင်း။

မြန်မာ့ဘောလုံးအဆင့်အတန်းမြင့်မားလာရန် တစ်ဖက်တစ်လမ်းက ငွေကုန်ကြေးကျခံပြီး ကူညီပံ့ပိုးပေးခဲ့သည့် MNL ကလပ်အသင်းများ၏ ကြိုးစားအားထုတ်မှုများကိုလည်း အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာယူ-၁၉ အသင်းကို စတင်ဖွဲ့စည်းပြင်ဆင်ကတည်းက အကြံပြုလာခဲ့ကြသည့် မီဒီယာများနှင့် ဤအသင်းကို ပြိုင်ပွဲကာလတစ်လျှောက်တစ်ခဲနက် စဉ်ဆက်မပြတ် အားပေးလာခဲ့သည့် မြန်မာပြည်သူ ဘောလုံးပရိသတ်ကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ အလားတူ အောင်ပွဲရ မြန်မာလူငယ် ယူ-၁၉ အသင်းကို အားပေးချီးမြှင့်မှုများ ပြုလုပ်ခဲ့ကြသည့် အလှူရှင်များကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အသက် (၁၉) နှစ်အောက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အုပ်ချုပ်သူ ဦးစိုးဝင်းက မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အခြေအနေနှင့် ပြိုင်ပွဲအတွေ့အကြုံများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် (၁၉) နှစ်အောက် ဘောလုံးအသင်းပါဝင်ယှဉ်ပြိုင်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အောင်ပွဲရ မြန်မာ့လက်ရွေးစင် အသက်(၁၉)နှစ်အောက် ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အောင်ပွဲရ မြန်မာ့လက်ရွေးစင် အသက်(၁၉)နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများအတွက် ဂုဏ်ပြုဆုငွေကျပ်သိန်းပေါင်း ၂၇၇၀ ကျော်ကို ပေးအပ်သည်။

အောင်ပွဲရ အသက် (၁၉)နှစ်အောက် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို နိုင်ငံတစ်ဝန်းမှ စေတနာရှင် ၅၀ က ငွေကျပ် သိန်းပေါင်း ၂၇၇၄ သိန်း ထောက်ပံ့ဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

ထို့နောက် အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် (၁၉) နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများကိုယ်စား အသင်းခေါင်းဆောင် နန္ဒကျော်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အောင်ပွဲရမြန်မာ့လက်ရွေးစင် အသက် (၁၉)နှစ်အောက် ဘောလုံးအသင်းမှ အားကစားသမားများ၊ နည်းပြနှင့် အသင်းအုပ်ချုပ်သူများ၊ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာသုံးဆောင်နေစဉ်အတွင်း ရုပ်ရှင်၊ ဂီတမှ အနုပညာရှင်များနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခံရသည့် မြန်မာလူငယ် ယူ-၁၉ အသင်းသည် အုပ်စု(က) တွင်ပါဝင်ပြီး ထိုင်း၊ တီမော၊ လာအို၊ ဖိလစ်ပိုင်တို့အား အုပ်စုပွဲတွင် အနိုင်ရရှိကာ အုပ်စုပထမအဖြစ်ဆီမီးပွဲစဉ်တွင် ခြေစွမ်းကောင်းသည့် မလေးရှားကိုဂိုးပြတ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲတွင် တစ်ဦးချင်းဘောလုံးစွမ်းရည်ပြည့်ဝပြီး တိုက်စစ်ပိုင်းအားကောင်း၍ ခံစစ်ပိုင်းတောင့်တင်းခိုင်မာလှသည့် ဗီယက်နမ်အသင်းအား လေးဂိုး-သုံးဂိုးဖြင့် အနိုင်ကစားကာ ဘရူနိုင်းဘုရင့်ဖလားချန်ပီယံဆုကို မြန်မာ့မြေပေါ်သို့ ဂုဏ်ယူဖွယ်သယ်ဆောင်ပေးခဲ့သည့်အသင်းဖြစ်သည်။ **(သတင်းစဉ်)**

# စကားအရာ အင်္ဂါငါးတန်

ကာလ - ပြောသင့်သောအခါမှ ပြောရာ၏။ အချိန်မတန်လျှင် မပြောဆိုရာ။

သစ္စ - အမှန်ကိုသာ ပြောဆိုရာ၏။ မမှန်မကန် လုပ်ကြံမပြောဆိုရာ။

သဏှ - နူးညံ့ချိုသာသော စကားကိုသာ ပြောဆိုရာ၏။ ခက်ထန်ရင့်သီးသော စကားကို မပြောဆိုရာ။

အတ္ထသံဟိတ - အကျိုးစီးပွားဖြစ်မည့် စကားကိုသာ ပြောဆိုရာ၏။ အကျိုးယုတ်စေမည့် စကားကိုမပြောဆိုရာ။

မေတ္တာစိတ္တ - မေတ္တာရှေ့ထား ပြောဆိုရာ၏။ ဒေါသမောင်းတင်၍ မပြောဆိုရာ။

(အင်္ဂုတ္တိုရ် ပါဠိတော်၊ ဒုတိယတွဲ-၁၇၂)

### ❖ ရွှေ့ဖုံးမှ

အရှည်ပေ ၄၇၀၊ အကျယ် ၁၂ ပေခန့်ရှိပြီး ခံနိုင်ဝန်အားမှာ တန် ၃၀ ဖြစ်သည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှစတင်၍ ဈေးကွက်စီးပွားရေးစနစ်အရ အပြန်အလှန်ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွက်လက်လာသည်။ လမ်းတံတားဆက်သွယ်မှုများအရေးပါလာသည်။ ထို့ပြင် မြန်မာ့ထွက်ကုန်ပစ္စည်းများသည် လည်းကောင်း၊ တရုတ်ပြည်မှကုန်ပစ္စည်းများသည်လည်းကောင်း မော်တော်ယာဉ်မျိုးစုံဖြင့် တင်ဆောင်၍ယင်းတံတားပေါ်မှ အချိန်ပြည့်နီးပါး အစုန်၊ အဆန်ဖြတ်သန်းခဲ့ကြသည်။ ထိုအခါ တံတား၏ ခံနိုင်ဝန်တန် ၃၀ အားနှင့် မမျှတော့ချေ။ မကြာခဏ တံတားပျက်စီး၍ ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရသည်။ မနိုင်ဝန်ကို ထမ်းနေရသော ယင်းတံတားဟောင်းအခြေအနေကြောင့် ကြန့်ကြာမှုများ၊ အခက်အခဲများကို ကြုံတွေ့ခဲ့ကြရသည်။

ထိုကဲ့သို့သော အခြေအနေမှ ကျော်လွှားသွားနိုင်ရန်အတွက် ဒုဋ္ဌဝတီမြစ်ကူး သီပေါတံတားသစ်ကြီးကို ၂၀၀၈ ခုနှစ် မေလ ၁ ရက်မှ စတင်၍ ဆောက်လုပ်ခဲ့ကြသည်။ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် သီပေါသံကူကွန်ကရစ်တံတား ဆောက်လုပ်ရေးစီမံကိန်း(မန္တလေး-လားရှိုး)မှ တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အရှည် ၅၉၆ ပေနှင့် ဘေးနှစ်ဖက်လူသွားလမ်းပါ တံတားကြီးဖြစ်သည်။ ခံနိုင်ဝန်အား ကုန်အလေးချိန်တန် ၆၀ ဖြစ်ပြီး သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ် သံမဏိသံပေါင်တံတားသစ်ကြီးဖြစ်သည်။

မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်မှ အရေးပါသော အထက်ပါ တံတားကြီးကို ၂၀၁၁ ခုနှစ် မတ် ၅ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ အစုန်၊ အဆန် သွားလာနေသော မော်တော်ယာဉ်မျိုးစုံတို့ ဤတံတားသစ်ကြီးပေါ်မှ အချိန်မရွေး မောင်းနှင် သွားလာနိုင်ခဲ့ကြပြီဖြစ်သည်။ လှပသောတောင်ပြာတန်းများကို နောက်ခံ၍ တသွင်သွင်စီးဆင်းနေသည့် ဒုဋ္ဌဝတီမြစ်ပေါ်မှ သီပေါတံတားကြီးမှာ ဂုဏ်ယူဖွယ်ရာ ဝင့်ထည်နေပါသည်။ ထို့အတူ ယခုတံတားသစ်ကြီးကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသ၏ အဓိကဆက်သွယ်မှု လမ်းကြောင်းကြီးနှင့် မြန်မာ-တရုတ် ကုန်စည်စီးဆင်းမှုအပိုင်းများ၌ ပိုမိုလျင်မြန်သွက်လက်လာပြီး ဒေသဖွံ့ဖြိုးရေးအတွက်ပါ အကျိုးပြုလျက်ရှိသည်။ "အရင်ကဆိုရင် တံတားဟောင်းကြီးက ခဏခဏပျက်တတ်လို့ ညအိပ်ညနေတောင် စောင့်ခဲ့ရတယ်။ ခုတော့ ဒီတံတားကြီး တည်ဆောက်ပြီး ဖြတ်သန်းခွင့်ရလို့ မိနစ်ပိုင်းအတွင်း အချိန်မရွေး သွားလာနိုင်ပြီပေါ့။ အားလုံးအတွက် ကောင်းမွန်အဆင်ပြေခဲ့ရပါတယ်"ဟု ယာဉ်မောင်းများကလည်း ပြောကြသည်။





ဆီးရီးယားပြည်တွင်းစစ်ဘေးရှောင် ပြည်သူများ အိမ်နီးချင်းနိုင်ငံများသို့ တိမ်းရှောင်နေမှုအား တွေ့ရစဉ်။

# ဆီးရီးယားနိုင်ငံတွင်းမှ လက်နက်ကိုင် ပဋိပက္ခများကြောင့် လူဦးရေ သုံးသန်းကျော် နေအိမ်များမှ စွန့်ခွာထွက်ပြေးရ

**ကုလသမဂ္ဂ ဩဂုတ် ၂၉**

ဆီးရီးယားနိုင်ငံအတွင်းဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများကြောင့် ယင်းနိုင်ငံသား လူဦးရေ သုံးသန်းကျော်မှာ ဒုက္ခသည်များအဖြစ် မှတ်ပုံတင်ထားခြင်းရှိပြီး နေရာဒေသအနှံ့အပြားသို့ ရောက်ရှိနေကာ ယင်းအကျပ်အတည်း၏ အဆိုးရွားဆုံးသော ရလဒ်ဖြစ်ပေါ်နေကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ဩဂုတ် ၂၉ ရက်တွင် ပြောကြားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပြောကြားချက်အရ ယင်းအဖွဲ့စည်းဆောင်ရွက်ပြီးချိန် ကာလအတွင်း လူသားချင်းဆိုင်ရာ အရေးပေါ်အကူအညီပေးရေး အရေးပေါ် အစီအမံများချမှတ်ဆောင်ရွက်မှုပြုရာ၌ အကြီးမားဆုံးသော ဖြစ်ရပ်မှာ ဆီးရီးယား ဒုက္ခသည်များအား ကယ်တင်ရေးလုပ်ငန်းဖြစ်ပြီး ယင်းအရေအတွက်၏ ထက်ဝက်ကျော်မှာ ၎င်းတို့၏ နေအိမ်များမှ အတင်းအကျပ် မောင်းနှင်ထွက်ခွာခံရသူများ ဖြစ်သည်ဟုဆိုသည်။

မူရင်းဒေသ ဆီးရီးယားနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သူများမှာ ဆီးရီးယားနိုင်ငံ၏ အိမ်နီးချင်းဒေသရှိ နိုင်ငံများတွင် ခိုလှုံနေထိုင်ရန် ကြိုးပမ်းကြပြီး ယင်းတို့အနက် အများစုမှာ လက်ဘနွန်တွင် အခြေချနေထိုင်ရန် ကြိုးပမ်းကြသည်ဟု ဆိုသည်။

ဆီးရီးယားနိုင်ငံအတွင်း သုံးနှစ်ကျော်ကြာ ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများအတွင်း ဆီးရီးယားပြည်သူ ၁၉၀၀၀၀ ကျော်မှာ သေကျေပျက်စီးခဲ့ရပြီးဖြစ်သည်။

ဆီးရီးယားသမ္မတဘရှားအယ်လ်အာဆတ်နှင့် ၎င်းအား သစ္စာခံသည့် တပ်ဖွဲ့များနှင့် ၎င်းအား ဆန့်ကျင်သော တပ်ဖွဲ့များ၏ တိုက်ခိုက်မှုမှာ ၂၀၁၁ ခုနှစ် မတ်လကတည်းကပင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

## မလေးရှားလေကြောင်းလိုင်း ဝန်ထမ်း ၆၀၀၀ လျှော့ချမည်

**ကွာလာလမ်ပူ ဩဂုတ် ၂၉**

မလေးရှားလေကြောင်းလိုင်းသည် ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ် နှစ်ရပ်ကျရောက်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေး အစီအစဉ်၏ ကဏ္ဍတစ်ခုအဖြစ် ဝန်ထမ်းအင်အား ၆၀၀၀ လျှော့ချမည်ဖြစ်ကြောင်း ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လျှော့ချမည့် ဝန်ထမ်းအရေအတွက်သည် ၎င်း၏ အင်အား ၂၀၀၀၀ ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိမည်ဖြစ်သည်။ လေကြောင်းလိုင်းကို နိုင်ငံတော်ပိုင်အဖြစ် လုံးဝပြောင်းလဲလိုက်မည်ဖြစ်ပြီး အမှုဆောင်အရာရှိချုပ်ကိုလည်း အသစ်ခန့်ထားမည်ဖြစ်သည်။

လွန်ခဲ့သည့် မတ်လက ကွာလာလမ်ပူမှ ပေကျင်းသို့ ပျံသန်းစဉ် ပျောက်ဆုံးသွားခဲ့သော ခရီးစဉ်အမှတ် အမ်အိတ်ချ် ၃၇၀ လေယာဉ်ကို ဆက်လက် ရှာဖွေကြဆဲဖြစ်သည်။ ဇူလိုင် ၁၇ ရက်က ယူကရိန်းနိုင်ငံ၌ ၎င်းလေကြောင်းလိုင်းပိုင်လေယာဉ် ပစ်ချခြင်းခံရခဲ့သည်ကိုလည်း စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်လျက်ရှိသည်။

ပြန်လည်ထူထောင်ရေး အစီအစဉ်အရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ ကုန်ကျစရိတ်လျှော့နည်းသွားမည်ဖြစ်သည်။

နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ခါဇာနက်ချ်နာဆီယိုနယ်က ယင်းလေကြောင်းလိုင်း၌ ရင်းနှီးမြှုပ်နှံမှု ၆၉ ရာခိုင်နှုန်းထည့်ဝင် ထားရာမှ ရာခိုင်နှုန်း ၁၀၀ ပြည့်ပိုင်ဆိုင်မှုရယူမည်ဖြစ်သည်။ **ဘီဘီစီ။**

## ဗီယက်နမ်မြောက်ပိုင်းကမ်းလွန်၌ ကျောက်မီးသွေးတင် သင်္ဘောနစ်မြုပ်၊ ရေယာဉ်အဖွဲ့သား ခြောက်ဦး ပျောက်ဆုံး

**ဟန်နွိုင်း ဩဂုတ် ၂၉**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဟိုင်ဖုန်မြို့၏ ကမ်းလွန်တွင် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ကျောက်မီးသွေး တန်ချိန် ၃၀၀၀ တင်ဆောင်လာသော သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ ရေယာဉ်ပေါ်ပါဝန်ထမ်းခြောက်ဦး ပျောက်ဆုံးနေကြောင်း ဗီယက်နမ်အစိုးရ သတင်းဌာန ဗီအန်အေက ဖော်ပြသည်။

ယင်းသင်္ဘော နစ်မြုပ်ရာနေရာသည် ဗီယက်နမ်နိုင်ငံ မြို့တော်ဟိုချီမင်း၏ အရှေ့ဘက် ကီလိုမီတာ ၉၀ အကွာတွင် ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဖုံချောင် အမှတ် ၀၁၄၈ ဟု အမည်ရှိသော အဆိုပါရေယာဉ်သည် ကျောက်မီးသွေးတန်ချိန် ၃၀၀၀ တင်ဆောင်လာစဉ် ဟိုင်ဖုန်ဒေသအတွင်းရှိ ဟာမိုင်ကျွန်းနှင့် ရေမိုင် ငါးမိုင်အကွာတွင် နစ်မြုပ်သွားခြင်းဖြစ်ပြီး ယင်းရေယာဉ် နစ်မြုပ်ချိန်၌ ပင်လယ်ပြင်အတွင်း ဆိုင်ကလုန်းနှင့် လေပြင်းမုန်တိုင်း တိုက်ခတ်မှုများကြောင့် လှိုင်းလေပြင်းထန်နေချိန်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရသတင်းဌာနက ဖော်ပြသည်။

ယင်းရေယာဉ်နစ်မြုပ်မှုကြောင့် ပျောက်ဆုံးနေသူ ရေယာဉ်ဝန်ထမ်းခြောက်ဦးအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ယင်းကျောက်မီးသွေးတင်ရေယာဉ် နစ်မြုပ်ခဲ့သည့် ဩဂုတ် ၂၈ရက်မှာပင် အခြား ရေယာဉ်နစ်မြုပ်မှုတစ်ရပ် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကွင်နင်းပြည်နယ် ဟာလောင်ပင်လယ်ကွေ့၌ ဖြစ်ပွားခဲ့ရာခရီးသည် ၂၀ ဦးအား ကယ်တင်နိုင်ခဲ့ပြီး ယင်းတို့အနက် နိုင်ငံခြားသားခရီးသွား ၁၂ ဦးပါဝင်သည်။ **ဘီဘီစီ။**

## ပါပူဝါနယူးဂီနီတွင် မီးတောင်ပေါက်ကွဲ



ပါပူဝါနယူးဂီနီနိုင်ငံမှ တာဘူရာဘူရာမီးတောင် ပေါက်ကွဲမှုအား တွေ့ရစဉ်။

**ဆစ်ဒနီ ဩဂုတ် ၂၉**

ပါပူဝါနယူးဂီနီနိုင်ငံ အရှေ့ဗြိတိန်ကျွန်းရှိ တာဘူရာဘူရာမီးတောင်၌ ဩဂုတ် ၂၉ရက်က မီးတောင်ပေါက်ကွဲကြောင်း၊ မီးတောင်ပေါက်ကွဲပြီးနောက် ဒေသခံများအား မိမိတို့၏ နေအိမ်အမိုးအကာများအတွင်း၌သာ နေထိုင်ကြရန် ရဲတပ်ဖွဲ့က သတိပေးလိုက်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ တာဘူရာဘူရာတောင်၌ ဒေသစံတော်ချိန် နံနက် ၃နာရီခန့်က မီးတောင်ပေါက်ကွဲခြင်းဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲရာမှ ကျယ်လောင်သော အသံကို ဒေသခံများကြားကြရကြောင်း၊ မီးခိုးပြာများက ကောင်းကင်ယံ အမြင့်သို့ ထိုးတက်ရောက်ရှိသွားကြောင်း သတင်းတွင်ဖော်ပြသည်။

ယင်းပြာမှုန်များ ထူထပ်များပြားမှုကြောင့် ဩစတြေးလျမှ ပျံသန်းလာသည့် လေယာဉ်များအတွက် အနှောင့်အယှက်ဖြစ်စေနိုင်ကြောင်း ဩစတြေးလျနိုင်ငံ ဒါဝင်မြို့တော်မှ အကြံပေးဌာနက ပြောကြားသည်။

လေယာဉ်များ ပျံသန်းမှုလမ်းကြောင်းအထိ ပြာများက ကမ္ဘာ့လေထုအတွင်း အမြင့်ပေ ၅၀၀၀၀ ထိ ရောက်ရှိလာနိုင်ကြောင်း မိုးလေဝသပညာရှင်က ပြောကြားသည်။

တာဘူရာဘူရာမီးတောင်သည် နိုင်ငံအရှေ့ပိုင်းရှိ နယူးဗြိတိန်ကျွန်းထိပ်ပိုင်းတွင် ရှိနေပြီး ၁၉၃၇၊ ၁၉၉၄၊ ၂၀၀၆ ခုနှစ်တို့က မီးတောင်ပေါက်ကွဲခဲ့ပြီး လွန်ခဲ့သည့်နှစ်ကလည်း ထပ်မံပေါက်ကွဲခဲ့သည်။ **ဆင်ဟွာ။**

## နီကာရာဂွာတွင် ရွှေတွင်းပြိုကျ တစ်ဦးသေ၊ ၂၅ဦး ပိတ်မိလျက်ရှိ

**မနာဂွာ ဩဂုတ် ၂၉**

နီကာရာဂွာနိုင်ငံ၏ မြောက်ဖျားစွန်းရှိ ဘိုနန်ဇာဒေသတွင် ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီခန့်က ရွှေတွင်းပြိုကျရာ မိုင်းအလုပ်သမားတစ်ဦး သေဆုံး၍ ၂၅ ဦးထက်မနည်း ပိတ်မိလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောကြားသည်ဟု သတင်းတွင် ဖော်ပြသည်။

မနာဂွာမြို့တော် အရှေ့မြောက်ဘက်မှ ကီလိုမီတာ ၄၂၀ ကွာဝေးသော ဘိုနန်ဇာဒေသ အဲလ်ကိုမယ်လ်ကျေးရွာရှိ ရွှေတွင်း၌ မိုင်းအလုပ်သမားများ အလုပ်လုပ်ကိုင်နေစဉ် ပြိုကျသွားခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့် အလုပ်သမား တစ်ဦးသေဆုံးပြီး ၂၅ ဦးခန့် ပိတ်မိလျက်ရှိရာ ကယ်ဆယ်ရေးလုပ်သားများက ဥမင်လိုဏ်တူး၍ ကြိုးစားကယ်ဆယ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ရွှေတွင်းထဲမှ ပိတ်မိနေသူများ၏ အသံများကို ကြားရ၍ ၎င်းတို့ အသက်ရှင်လျက်ရှိသည်မှာ သေချာကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ **ဆင်ဟွာ။**



## လစ်ဗျားအစိုးရဝန်ကြီးချုပ် အဗ္ဗဒူလာအယ်လ်သီနီ ရာထူးမှ နုတ်ထွက်

**ထရီပိုလီ ဩဂုတ် ၂၉**

လစ်ဗျားနိုင်ငံအတွင်း အာဏာပိုင်စိုးရေး ရှုန်းကန်လှုပ်ရှားမှုများအား အဆုံးသတ်နိုင်စေရေးအတွက် လစ်ဗျားအစိုးရဝန်ကြီးချုပ် အဗ္ဗဒူလာအယ်လ်သီနီ**(အပေါ်ပုံ)**သည် ၎င်း၏ ဝန်ကြီးချုပ် ရာထူးတာဝန်ထမ်းဆောင်နေမှုမှ နုတ်ထွက် လိုက်ပြီဖြစ်ကြောင်း ယနေ့ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ယင်းရာထူးမှနုတ်ထွက်ခြင်းသည် အသစ်ရွေးကောက်တင်မြှောက်ခံနိုင်မည့် လွှတ်တော်ရွေးကောက်ပွဲများမှ လူအများပါဝင်ခွင့်ရှိမည်ဖြစ်သည့် အစိုးရအဖွဲ့သစ်တစ်ရပ် ပေါ်ထွန်းရေးအတွက် အထောက်အကူပြုမည်ဟု ယင်းအစိုးရအဖွဲ့ကပြောကြားသည်။

အစ္စလာမ်စစ် စစ်သွေးကြွအဖွဲ့များနှင့် ဆက်နွယ်နေသည့် လက်နက်ကိုင်များက လစ်ဗျားနိုင်ငံမြို့တော်အား သိမ်းပိုက်ထားပြီး လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း၌ ၎င်းတို့က ပါလီမန်ရွေးကောက်ပွဲသစ်များ ကျင်းပကာ အစိုးရအဖွဲ့ဟောင်းအား ဖယ်ရှားရေးအတွက် တောင်းဆိုခဲ့ကြသည်။ ယင်းတို့၏တောင်းဆိုချက်ကို အထွေထွေအမျိုးသားကွန်ဂရက် အမည်ခံကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်အတွင်းက အာဏာရှင်ဟောင်း မွမ်မာကဒါဖီအား ဆန့်ကျင်ဖြုတ်ချမှုများဖြစ်ပွားပြီး ကတည်းက တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့သော နိုင်ငံဖြစ်သည်။

အမျိုးအမည် အရေအတွက် အများအပြားရှိသည့် လက်နက်ကိုင်အုပ်စုများက စုရုံးပေါင်းစည်းကာ လစ်ဗျားနိုင်ငံတွင် ကာလရှည်ကြာစွာ အုပ်စိုးဦးဆောင်ခဲ့သူများအား ဆန့်ကျင်ခဲ့ပြီး ၎င်းတို့အနေဖြင့် လက်နက်စွန့်ရေးကိုလည်း ငြင်းဆိုခဲ့သည်။ လစ်ဗျားနိုင်ငံတွင် လက်ရှိအုပ်စိုးနေသည့် အစိုးရအဖွဲ့အနေဖြင့်လည်း ၎င်းတို့အား ထိန်းချုပ်နိုင်ရေးအတွက် အားထုတ်ကြိုးပမ်းနိုင်ခြင်း မရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ပြည်တွင်းရေးရာ

# မြန်မာနိုင်ငံလုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဩဂုတ် ၂၉**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှကျင်းပသည့် မြန်မာနိုင်ငံလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ အောင်မြင်မှုအဓိကအချက်မှာ အရည်အချင်းပြည့်ဝသည့် လုပ်သားထုများဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကအချက်ဖြစ်ကြောင်း၊ အရွယ်ရောက်သူတိုင်း လုပ်ငန်းခွင်သို့ဝင်ရောက်နိုင်ရေးအတွက် ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ဖန်တီးပေးခြင်းဖြင့်ပြည်သူတို့၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်သလို ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာမှုသည် မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းသစ်တွေ ပေါ်ပေါက်လာရန်အတွက် အဓိကအချက်ပင်ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် အာဆီယံလုပ်သားဈေးကွက်၏ မြန်မာနိုင်ငံကို စိန်ခေါ်မှုနှင့် အခွင့်အလမ်းများဖြစ်ပေါ်စေပါကြောင်း၊ အာဆီယံလုပ်သားဈေးကွက်အတွက် လူငယ်လူရွယ်များကို နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာမြှင့်တင်ပေးနိုင်မှသာ အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးရှိ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ၊ မြို့ပြလူမှုအဖွဲ့အစည်း၊ ဒေသတွင်းအဖွဲ့အစည်းနှင့်ပူးပေါင်းပြီး ကျွမ်းကျင်လုပ်သားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍလူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အကောင်အထည် ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ကနဦးအကောင် အထည်ဖော်မှုများ၊ ဌာနအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများအပေါ် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ National Skills Standard Authority (NSSA) ၏ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ညှိနှိုင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော Temasek Foundation, Singapore Polytechnic International, Singapore ITE, German International Cooperation, International Labour Organization(ILO), International Organization for Migration (IOM), Centre for Vocational Training Myanmar, Asian Development Bank(ADB) နှင့် Swiss Contact တို့မှလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

## ကျန်းမာရေးဝန်ကြီးဌာန၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ဆေးကုသမှုပေးလျက်ရှိသောလူနာ၏ဓာတ်ခွဲနမူနာအား ရောဂါအတည်ပြုစစ်ဆေးနိုင်ရန်အတွက် ဩဂုတ် ၂၉ ရက်တွင် ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပို့ဆောင်ပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၂၉**

ကျန်းမာရေးဝန်ကြီးဌာနမှ ကူးစက်မြန် အီဘိုလာရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော သံသယလူနာအား ပြင်းထန်ငှက်ဖျားရောဂါ(Severe and Complicated Malaria with Mixed infection of Plasmodium falciparum and plasmodium vivax) အဖြစ်သတ်မှတ်၍ အထူးကုဆရာဝန်ကြီးများမှ ကြီးကြပ်ကုသပေးလျက်ရှိရာ ကျန်းမာရေးအခြေအနေ သိသာစွာကောင်းမွန်လာကြောင်းတွေ့ရှိရပြီး လူနာနှင့် အနီးကပ်ထိတွေ့သူလေးဦး၏ ကျန်းမာရေးအခြေအနေမှာ လုံးဝကောင်းမွန်လျက်ရှိပါသည်။

အဆိုပါလူနာနှင့် အနီးကပ်ထိတွေ့သူလေးဦး စုစုပေါင်း ငါးဦး၏ ဓာတ်ခွဲနမူနာများကို အီဘိုလာရောဂါပိုး ရှိ၊ မရှိစစ်ဆေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ IATA တို့နှင့်ညှိနှိုင်း၍ ဩဂုတ် ၂၉ ရက်တွင် ဥရောပတိုက်ရှိ ညွှန်းပို့ဓာတ်ခွဲခန်းသို့ ပေးပို့ထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ချင်းတွင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၉**

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ဩဂုတ် ၂၈ ရက်ည ၈ နာရီခွဲအချိန်မှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆ စင်တီမီတာ(နှစ်လက်မခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## တတိယအဆင့်အရှိန်မြှင့်တင်မှု ရှမ်းပြည်နယ်၌ စက်မှုလယ်ယာဆောင်ရွက်

**တောင်ကြီး ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) စက်မှုလယ်ယာဦးစီးဌာန၏ တတိယအဆင့်အရှိန်မြှင့်တင်မှုဆွေးနွေးပညာပေး သင်တန်းကို ဩဂုတ် ၂၇ ရက် နံနက်က ရွှေညောင်မြို့ အမှတ်(၈၅) စက်မှုလယ်ယာစခန်း၌ ကျင်းပရာ ပြည်နယ်ဦးစီးမှူး ဦးဆန်းအောင်၊ ဦးစီးအရာရှိ ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်ဝန်ထမ်းများ လိုက်ပါဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းဆွေးနွေးခြင်း၊ ဝန်ထမ်းများနှင့်အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်ရုံးဝန်ထမ်းများနှင့်အမှတ်(၈၅) စက်မှုလယ်ယာစခန်းဝန်ထမ်းများတက်ရောက်ခဲ့ကြပြီး ကျန်ရှိသည့်နမ့်စန်နှင့် အောင်ပန်းစက်မှုလယ်ယာစခန်းများ၌လည်းဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

## လိုင်စင်သက်တမ်းတိုးခြင်းဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၂၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ပူတာအို၊ ရွှေကူ၊ ဟိုပင် |
| ၂ | ကယားပြည်နယ် | ရှားတော |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး | ခန္တီး၊ ကျွန်းလှ၊ ကန့်ဘလူ၊ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ တမူး |
| ၄ | တနင်္သာရီတိုင်းဒေသကြီး | ပုလော |
| ၅ | ပဲခူးတိုင်းဒေသကြီး | သဲကုန်း |
| ၆ | မကွေးတိုင်းဒေသကြီး | ချောက်၊ပွင့်ဖြူ၊ အောင်လံ |
| ၇ | မန္တလေးတိုင်းဒေသကြီး | မိုးကုတ်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး |
| ၈ | မွန်ပြည်နယ် | မုဒုံ |
| ၉ | ရခိုင်ပြည်နယ် | ဘူးသီးတောင်၊ မောင်တော |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ ဒလ |
| ၁၁ | ရှမ်းပြည်နယ် | ဟိုပုံး၊ ရွာငံ၊ ကွန်ဟိန်း၊ကွမ်းလုံ၊ ဟိုပန်၊ နောင်ချို |
| ၁၂ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ၊ ဓနုဖြူ၊ အင်္ဂပူ |

ရထားပို့ဆောင်ရေးဝန်ကြီးဌာန


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

မော်တော်ယာဉ်သိုလှောင်ရုံ(၁၀)လုံး၏ **Fire Fighting & Fire Protection System**
ဆောက်လုပ်ခြင်းလုပ်ငန်း

(က) Fire Hydrant and Fire Hose Reel System Installation
(ခ) Fire Sprinkler System Installation
(ဂ) Ground Tank and Pump House Construction

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၉-၂၀၁၄ရက်မှ ၁၀-၉-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ရုံးအမှတ် (၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော်နှင့် စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့တွင် တင်ဒါပုံစံ(၁)စောင်လျှင် ၁၀၀၀၀(ကျပ်တစ်သောင်းတိတိဖြင့်) လာရောက်ဝယ်ယူနိုင်ပါသည်။


(က) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်။ ။၁၁-၉-၂၀၁၄ရက် ၁၃နာရီမှ ၁၄နာရီထိ
(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ။ ။ ရုံးအမှတ်(၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၊ နေပြည်တော်။

၃။ အသေးစိတ်သိရှိလိုသော အချက်များကို ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ရုံးအမှတ်(၃၂)၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၆၀၈၈/၄၀၆၃၂၂သို့ စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကြီးကြပ်ရေးအဖွဲ့







# သင့်မှာသွေးတိုးရောဂါရှိပါသလား

ဒေါက်တာ မော်

**ဒီနေ့ ခေါင်းမူးလို့၊ ခေါင်းထိုးလို့ သွေးကျဆေးသွားဝယ်သောက်လိုက်တယ်။ အခုတလော သွေးမတိုးတော့လို့ သွေးကျဆေးမသောက်တော့ဘူးစသည်ဖြင့် ကြားနေမြင်နေရပါသည်။**

သွေးတိုးရောဂါဟူသည်မှာ ယခုသွေးတိုးလျှင် ယခုဆေးသောက်ပြီး မတိုးတော့လျှင် ဆေးမသောက်ရတော့မည့်ရောဂါမျိုးမဟုတ်ပါ။ ဆရာဝန်ညွှန်ကြားသည့်အတိုင်း သွေးကျဆေးကို မပြတ်မလပ်တစ်သက်လုံးမှန်မှန် သောက်ရမည့်ရောဂါဖြစ်ပေသည်။ ဆေးလုံးဝမသောက်လျှင် (သို့မဟုတ်) ဆေးမှန်မှန်မသောက်လျှင် သွေးတိုးရောဂါ၏ ဆိုးကျိုးများကို ခံစားရပေမည်။ နှလုံးသွေးကြောပိတ်သည်ဟု အများသိကြသော နှလုံးမှာ အောက်ဆီဂျင်မလုံလောက်ခြင်း၊ ကျောက်ကပ်ရှိ သွေးကြောလေးများကို ထိခိုက်ပြီး ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိရှိသွေးကြောလေးများကို ထိခိုက်ပြီး အမြင်အာရုံပျက်စီးခြင်း၊ ဦးနှောက်ရှိ သွေးကြောများထိခိုက်ပြီး လေဖြတ်ခြင်းတို့သည် သွေးတိုးရောဂါ၏ ဆိုးကျိုး လေးမျိုးဖြစ်သည်။ သွေးကျဆေးကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း မှန်မှန်သောက်သုံးလျှင် ထိုဆိုးကျိုးများကို မကြုံတွေ့ရဘဲ သွေးတိုးရောဂါရှိသူသည် သွေးတိုးရောဂါမရှိသူများကဲ့သို့ပင် အသက်ရှည်ကျန်းမာနိုင်ပါသည်။ စိတ်ထင်တိုင်းဆေးဝယ်သောက်လိုက်၊ မသောက်လိုက်ပြုမူလျှင်ကား ထိုဆိုးကျိုးများကို မကာကွယ်နိုင်ပါ။

ဤနေရာမှာ သင့်ကိုယ်သင် သွေးတိုးရောဂါ အမှန်တကယ်ရှိပါသလားဟု သိရန်လိုအပ်ပါသည်။ အမှန်တကယ်ရှိမှသာလျှင် သွေးကျဆေးကို စတင်သောက်သုံးသင့်ပါသည်။ ဆေးတိုင်းမှာ မလိုလားအပ်သော ဆိုးကျိုး (side effect)များရှိပါသဖြင့် လိုအပ်မှပင်သောက်သုံးရပါမည်။

သွေးတိုးရောဂါ ရှိမရှိကို တစ်ကြိမ်တည်းတစ်ရက်တည်းဆုံးဖြတ်၍မရပါ။ ကမ္ဘာတစ်ဝန်းလုံး ဆေးပညာရှင်တွေသဘောတူဆုံးဖြတ်ထားကြသည်မှာ ဆေးခန်းကိုအနည်းဆုံး နှစ်ခါ သွေးချိန်ဖို့သွားရမည်။ တစ်ခါသွားလျှင် ဆရာဝန်က မှန်ကန်သောသွေးချိန်နည်းဖြင့် အနည်းဆုံး နှစ်ကြိမ်ချိန်ရမည်။ ဆိုလိုသည်မှာ အကြောင်းတစ်ခုခုကြောင့် ဥပမာ-ဖျားလို့၊ ခေါင်းကိုက်လို့ ဆေးခန်းသွားရင်း သွေးတိုးတာတွေ့တယ်ဆိုပါစို့။ နေကောင်းသွားလျှင် ယင်းဆေးခန်းကို နောက်ထပ် နှစ်ခါ သို့မဟုတ် သုံးခါပြန်သွားပါ။ တစ်ခါသွားလျှင် ဆရာဝန်က အနည်းဆုံး နှစ်ကြိမ်သွေးချိန်ပါလိမ့်မည်။ ဤကဲ့သို့ချိန်သည့်အခါတိုင်းမှာ သွေးပေါင်ချိန်မြင့်တက်နေမှသာလျှင် သွေးတိုးရောဂါရှိသည်ဟု အမည်တပ်နိုင်ပါလိမ့်မည်။

ထို့ကြောင့် သင့်မှာသွေးတိုးရောဂါအမှန်တကယ်ရှိမရှိဆန်းစစ်ပါ။ သွေးတိုးရောဂါရှိလျှင်သော်လည်းကောင်း၊ မရှိလျှင်သော်လည်းကောင်းသွေးကျဆေးကို စိတ်ထင်တိုင်းဝယ်ယူမသုံးစွဲသင့်ပါ။ သင့်အတွက် အန္တရာယ်ရှိပါသည်။

ဤနေရာမှာ ဆရာထွန်းအောင်လှ(လုပ်ငန်းခွင်ကျန်းမာရေး)၏ "စပ်ဆေးအန္တရာယ်" ဆောင်းပါးကို ရည်ညွှန်းလိုပါသည်။ ထင်သလို စပ်ဆေးဝယ်သောက်လျှင် အပ်နှင့်ထွင်ရမည်ကို ပုဆိန်နှင့် ပေါက်ရမည့်အဖြစ်ရောက်သွားနိုင်ပါကြောင်း ဆရာတင်ပြထားသည်မှာ အလွန်မှန်ကန်ပါသည်။ သွေးတိုးရောဂါရှိမရှိဆုံးဖြတ်ရန် ဆေးခန်းသွားခြင်း၊ ဆေးမှန်မှန်သောက်ရန် ဆေးဝယ်ရခြင်း၊ ဆရာဝန်နှင့်ညှိနှိုင်းပြီး သွေးတိုးကိုထိန်းနေရခြင်းတို့အတွက် ကုန်ကျစရိတ်များသည် နှလုံးသွေးကြောပိတ်၍ ဆေးရုံတက်ရသောစရိတ်၊ လေဖြတ်၍ အလုပ်မလုပ်နိုင်တော့ခြင်းတို့ကြောင့် ကုန်ကျသောစရိတ်၊ လျော့ပါးသောဝင်ငွေ၊ ကိုယ်ချစ်သောမိသားစုအပေါ် ကျရောက်သောဝန်ထုပ်ဝန်ပိုးများနှင့် စာလျှင် မပြောပလောက်ပေ။

အကြင်နာသဒ္ဒါတရားနှင့် ပြည့်စုံကြသော "မော်" တို့ ပြည်သူများအနေဖြင့် တတ်နိုင်သောပြည်သူတို့က မတတ်နိုင်သောပြည်သူများအားလည်းကောင်း၊ နှလုံးသားနှင့်ဆေးကုကြသော ဆရာဝန်တို့က လိုအပ်နေသော လူနာများအားလည်းကောင်း၊ လူမှုအဖွဲ့အစည်းများက အကူအညီလိုနေသော ပြည်သူများအားလည်းကောင်း ဖေးမကူညီကြခြင်း၊ လူနာကိုယ်တိုင်ကလည်း ဆေးလိပ်၊ အရက်၊ အပျော်အပါးတို့မှာ အသုံးစရိတ်ကို လျှော့ပြီးကိုယ့်ကျန်းမာရေးကို ကိုယ်တာဝန်ယူကြခြင်းဖြင့် နိုင်ငံတော်မှာ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ကျောက်ကပ်ရောဂါ၊ မျက်စိကွယ်ခြင်းများ လျော့နည်းသွားပါစေဟု ဆန္ဒပြုအပ်ပါသည်။ ။

---

# တမူး-ကျီကုန်း-ကလေးဝလမ်းပေါ်ရှိ တံတားများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၉

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Director. Mr.Anil Rai ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲတွင် ဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။**

ထိုသို့ဆွေးနွေးရာတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် မုံရွာ-ယာကြီး- ကလေးဝလမ်း(ယာကြီး-ကလေးဝလမ်းအပိုင်း)အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ လမ်းအူကြောင်း အသစ်ပြောင်းရွှေ့ဖောက်လုပ်နိုင်မှု၊ ဖြစ်နိုင်စွမ်းလေ့လာမှု(FS)ဆောင်ရွက်နေမှုအခြေအနေနှင့် တမူး-ကျီကုန်း-ကလေးဝလမ်းပေါ်ရှိ တံတားများအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# မြစ်ပေါက်(၂)ဝမ်းပြည့်လျှပ်စစ်မြစ်ရေတင်စီမံကိန်းအတွင်း ပြီးစီးနေသော မြောင်းများမှ ရေပေးဝေနိုင်ရန် စီစဉ်လျက်ရှိ

**မြင်းမူ ဩဂုတ် ၂၉**

မြင်းမူမြို့နယ် မြစ်ပေါက် (၂)ဝမ်းပြည့်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၁၃ ခုနှစ် ဇူလိုင် ၁၁ ရက်က စက်ယန္တရားကြီးများဖြင့် စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**ရောဝတီမြစ်ရေကို 9 Cusee Pump နှစ်စုံဖြင့် စုပ်တင်ပြီး လယ်ယာမြေဧက ၄၅၀ ကို တစ်နှစ်ပတ်လုံးစိုက်ပျိုးရေပေးဝေသွားမည့်စီမံကိန်းဖြစ်၍ ဒေသဝမ်းစာဖူလုံရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဒေသခံပြည်သူများလူနေမှုဘဝတိုးတက်မြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းပေါများရေး၊ လမ်းပန်းဆက်သွယ်မှုလွယ်ကူစေရေးစသည့် အကျိုးကျေးဇူးများ ခံစားနိုင်မည်ဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်တွင် စီမံကိန်းလုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးမည်ဖြစ်ပြီး နှစ်ကုန်တွင် စိုက်ပျိုးရေပေးဝေနိုင်တော့မည်ဖြစ်သည်။ တောင်သူများ၏ လိုအပ်ချက်အရ နိုင်ငံတော်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးဆောင်ရွက်မှုကြောင့် ယခင်က မိုးကိုမျှော်ပြီးသီးနှံတစ်မျိုးတည်းစိုက်ပျိုးနေရသော အခြေအနေမှ စိုက်ပျိုးရေရရှိတော့မည်ဖြစ်၍ ရာသီမရွေးစိုက်ပျိုးလုပ်ကိုင်နိုင်တော့မည်ဖြစ်သည်။ အဆိုပါမြစ်ပေါက် (၂) ဝမ်းပြည့်လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းအဖြစ် မြေကြီးလုပ်ငန်း ၅၀၇၄၆ ကျင်း၊ ပင်မမြောင်းအရှည် ပေ ၅၄၅၀၊ လက်တံ၊ လက်တံခွဲအရှည် ၂၆၀၇၅ပေ၊ တူးမြောင်းအဆောက်အအုံ ၁၂၉ခု၊ လျှပ်စစ်ဆိုင်ရာ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၁၀၀၀ တို့ဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်း မြေကြီးလုပ်ငန်း ၃၅၄၄၃ ကျင်း (၆၉ ဒသမ ၈၄ ရာခိုင်နှုန်း)၊ တူးမြောင်းအဆောက်အအုံ လေးခု (၅ ဒသမ ၆ ရာခိုင်နှုန်း)ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းခန့်မှန်းကုန်ကျငွေကျပ် ၆၂၅ ဒသမ ၉၃၀၅ သန်းဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၁၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၏ လမ်းညွှန်ချက်အရ ဖောက်လုပ်ပြီးစီးနေသောမြောင်းများကို အသုံးပြုပြီး စိုက်ပျိုးမြေဧက ၁၅၀ ခန့်အား အောက်တိုဘာလကုန်တွင် စတင်စိုက်ပျိုးရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြောင်းမကြီးဝဲ/ယာတွင် ကုန်ထုတ်လမ်း (မြောင်းစစ်လမ်း) ၁၅ ပေအကျယ်ရှိပြီး မြောင်းမကြီး၏ အရွယ်အစားမှာ ငါးပေအကျယ်(၄ ပေ ၆လက်မ)၊ လက်တံမြောင်းအရွယ်အစားမှာ လေးပေအကျယ်၊ လေးပေအမြင့်ရှိကြောင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ EE ဦးခင်မောင်ထွေး၏ ပြောပြချက်အရ သိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

---


# ဖားကန့်မြို့နယ်တွင် ဘိန်းဖြူ ၉၃ ဒသမ ၅ ဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၉**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ကျေးရွာနေ သောင်းထွန်းဆိုသူ၏ နေအိမ်အား ဩဂုတ် ၂၇ ရက်က ရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၉၃ ဒသမ ၅ ဂရမ်သိမ်းဆည်းရမိသဖြင့် သောင်းထွန်း(၅၇)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။ **(ရဲပြန်ကြား)**







# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေရေးအတွက် စတော့အိတ်ချိန်းထူထောင်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အဖြစ် ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ယင်းဥပဒေအရအဖွဲ့ဝင် ခုနစ်ဦးပါဝင်သော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ ပထမဆုံးအကြိမ် အစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် **(အပေါ်ယာပုံ)**က ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ပေါ်ထွန်းလာရေးအတွက် တာဝန်ယူဆောင်ရွက်မည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်တွင် ပထမဆုံးဖွဲ့စည်းတာဝန်ပေးအပ်ခံရသည့် ပုဂ္ဂိုလ်များဖြစ်ကြပြီး အရင်းအနှီးဈေးကွက် စနစ်တကျ ပီပြင်စွာ ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များဖြစ်ကြပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များသည် မိမိတို့၏ သက်ဆိုင်ရာနယ်ပယ်များတွင် အတွေ့အကြုံများစွာ ရှိကြသည့် ပညာရှင်များဖြစ်ကြ၍ နိုင်ငံတော်က ယုံကြည်စွာ တာဝန်ပေးအပ်မှုကို အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခု ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည့် ကော်မရှင်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ဖြစ်၍ ဂုဏ်ယူဖွယ်ရာဖြစ်သည့်အပြင် လုပ်ငန်းတာဝန်များကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လက်ရှိအချိန်တွင်လည်း ဂျပန်နိုင်ငံ Financial Services Agency (FSA) နှင့် Daiwa Institute of Research Ltd.(DIR) တို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအနှီးဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာရေးသည် အလွန်အရေးပါသည့်လုပ်ငန်းဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးကို ဦးတည်၍ ကော်မရှင်အနေဖြင့် သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ အများပြည်သူလေးစားယုံကြည်သော ကော်မရှင်အဖြစ် ဂုဏ်ယူစွာ ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ အသိအမြင်၊ အတွေ့အကြုံများနှင့် ပေါင်းစပ်၍ ရဲရဲဝံ့ဝံ့ဆောင်ရွက်ကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းမရှိခဲ့သဖြင့် ယခုကဲ့သို့ စတော့အိတ်ချိန်းထူထောင်နိုင်မှုသည် နိုင်ငံအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည် ဖြစ်ပါကြောင်း၊ အခက်အခဲများနှင့် စိန်ခေါ်မှုများလည်း ရှိလာနိုင်မည်ဖြစ်၍ ကော်မရှင်အနေဖြင့် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့်လည်း လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်၏ (၁/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့် ကော်မရှင်အဖွဲ့ဝင်များက အရင်းအနှီးဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းနှင့် ကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံ၌ စတော့အိတ်ချိန်း ပေါ်ထွန်းလာရေး ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယမကာသုံးစွဲမှုလျှော့နည်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

အရက်ယမကာသုံးစွဲမှု လျှော့နည်းရေးမူဝါဒနှင့် မဟာဗျူဟာများ ရေးဆွဲရေးညှိနှိုင်းဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် အရက်ယမကာသုံးစွဲမှုလျှော့နည်းရေးမူဝါဒနှင့်မဟာဗျူဟာများ ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသည် ထူးခြား၍ အရေးပါသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းများအရ လူဦးရေ သန်း ၂၀၀၀ ကျော်သည် အရက်ကို စွဲစွဲမြဲမြဲသောက်သုံးကြကြောင်းနှင့် သန်း ၈၀ နီးပါးမှာ အရက်ယမကာကြောင့်ဖြစ်သော ဝေဒနာများ ခံစားနေရသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အရက်မသောက်ရမနေနိုင်သည့် အရက်စွဲရောဂါကို ခံစားနေရသူများ(Alcohol Dependent) သည် ပထမတွင် ခန္ဓာကိုယ်ထဲ၌ရှိသော အင်္ဂါအစိတ်အပိုင်းများကို အရက်အဆိပ်ကြောင့် ပျက်စီးစေပြီးနောက် ဒုတိယအနေဖြင့် အရက်သည် တိုက်ရိုက်အဆိပ်ဖြစ်စေ၍ အရက်စွဲရောဂါကြောင့် မသောက်ရမနေနိုင် ဖြစ်လာပြီး နောက်ဆက်တွဲရောဂါပေါင်းစုံ ရရှိစေ၍ နောက်ဆုံးတွင် အသည်းခြောက်ရောဂါ (Cirrhosis of Liver) ခံစားရပြီး အသက်သေဆုံးရမည်ဖြစ်ကြောင်း။

ယခုအခါ နေထိုင်မှုပုံစံပြောင်းလာပြီး အကြောင်းအမျိုးမျိုးပြကာ အရက်သောက်သုံးမှု ပိုမိုများပြားလာပြီး အသက်ငယ်ရွယ်သူများအပြင် မိန်းကလေးများလည်း သောက်သုံးလာကြသည့်အတွက် အရက်ယမကာ၏ အန္တရာယ်သည် တစ်နေ့တခြား ပိုမိုကြီးမားလာသည်ကို သတိပြုမိကြမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည့်ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကို လျှော့နည်းစေနိုင်ရေးအတွက် ဥပဒေအကြောင်းအရ ပညာပေးမှုမြှင့်တင်ခြင်းများကို ကျန်းမာရေးဝန်ကြီးဌာနမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် တစ်ဖက်ကလည်း အရက်ယမကာသောက်သုံးမှု လျှော့ချရေးအတွက် မူဝါဒများရေးဆွဲခြင်း၊ မဟာဗျူဟာရေးဆွဲချမှတ်နိုင်ရေးဆောင်ရွက်ရာ၌ အထောက်အကူပြုနိုင်မည့် ယနေ့ဆွေးနွေးပွဲသည် အလွန်အရေးပါပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်၍ ပြောင်းလဲမှုများနှင့် တိုးတက်ဆောင်ရွက်နေသည့် ယခုအချိန်အခါနှင့်လည်း ကိုက်ညီနေကြောင်း။

ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော အရက်ယမကာ သောက်သုံးမှုလျှော့နည်းကျဆင်းပြီး ကျန်းမာကြံ့ခိုင်သောလူမျိုးများဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊ အရက်ယမကာ သောက်သုံးမှုလျှော့နည်းရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က အရက်ယမကာသုံးစွဲမှု ထိန်းချုပ်ရေး မူဝါဒနှင့် မဟာဗျူဟာများဆိုင်ရာ အာဆီယံနှင့် နိုင်ငံတကာအတွေ့အကြုံခေါင်းစဉ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေက ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၏ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက် အကောင်အထည်ဖော်နေမှုများခေါင်းစဉ်နှင့် ပါမောက္ခ ဒေါက်တာခင်မောင်ကြီးက အရက်သောက်သုံးမှုနှင့် အရက်စွဲရောဂါဆိုင်ရာ လေ့လာတွေ့ရှိချက်များခေါင်းစဉ်တို့ကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်တွင်းပြည်ပလူမှုရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ တက်ရောက်ကြကာ ဆွေးနွေးပွဲကို အုပ်စုငါးစုခွဲ၍ ဆွေးနွေးကြပြီး ဩဂုတ် ၂၉ ရက်ထိ နှစ်ရက် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဘာဝဘေး အရေးပေါ်တုံ့ပြန်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် UNHCR အဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr.Giuseppe De Vincentils ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့၏ လုပ်ငန်းတာဝန်များ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မိတ္ထီလာဖြစ်စဉ်များတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေရသူများအတွက် ထောက်ပံ့ပေးနေမှုများ၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအရေးပေါ်တုံ့ပြန်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံသဘောတူညီချက်အား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာဥပဒေ ပြဋ္ဌာန်းထားရှိမှုနှင့် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဖွဲ့စည်းဆောင်ရွက်မှုများ၊ အရေးပေါ်အခြေအနေကွပ်ကဲမှုဗဟိုဌာန ထူထောင်ဆောင်ရွက်မှုများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဌာန တည်ထောင်မည့်အစီအစဉ်များ၊ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလူငယ်များနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များအတွက် သင်တန်းဖွင့်လှစ်ဆောင်ရွက်နေမှုများကို ဆွေးနွေးသည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဘက်ကလည်း ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအပေါ် ဂုဏ်ပြုပါကြောင်း၊ UNHCR နှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ ၂၀၁၄ ခုနှစ် အောက်တိုဘာ(သို့မဟုတ်)နိုဝင်ဘာတွင် နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များဆိုင်ရာ ဆွေးနွေးပွဲတစ်ခုကို မြန်မာနိုင်ငံ(သို့မဟုတ်)ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သဖြင့် ဝန်ကြီးဌာနက ကူညီပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နှစ်(၅၀)ပြည့် ရွှေရတုဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်ပညာရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကမာရွတ်မြို့နယ်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ၌ ကျင်းပရာ**(ယာပုံ)** အစီအစဉ်အရ ကျောင်းသား ကျောင်းသူလေးများက ရန်ကုန်ပညာရေးတက္ကသိုလ်ကို ဂုဏ်ပြုသည့် အနေဖြင့် “အမိဝမ်းမြောက်ပါစေသီချင်း” ဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ရွှေရတုအထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းဖြင့် ဆုရရှိသူများအား အသီးသီးချီးမြှင့်ပေးပြီးနောက် ကျောင်းသား ကျောင်းသူများက ရန်ကုန်ပညာရေးတက္ကသိုလ်အား ဂုဏ်ပြုသီကုံးထားသော “ဝင့်ကြွားလောက်စွာ မြတ်ဆရာ” သီချင်းကိုသီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **ခင်မောင်ဝင်း(ကြေးမုံ)**








## ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်ရေးဆွဲလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယအဆင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပဋိညာဉ်စာချုပ်များ အသက်ဝင်စေရေး (Ease of Doing Business, Enforcing Contracts in Myanmar)နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပခဲ့ရာ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနမှ Mr. Jun-Sik Lee နှင့် တရားရေးဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း**(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု(Third Wave)လုပ်ငန်းစဉ် (၇)ရပ်တွင် ပါဝင်သည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အရေးကြီးသော မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာ စာချုပ်များ အသက်ဝင်ခြင်းနှင့် စွမ်းရည်မြှင့်တင်နိုင်ရေးတို့အတွက် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ အစိုးရသစ်တာဝန်ယူပြီးချိန်မှစ၍ ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍပေါင်းစုံ၌ ဆောင်ရွက်လျက်ရှိရာ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများကိုလည်း ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ဖြည့်စွက်ရေးဆွဲလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့် ဥပဒေ လုပ်ထုံးလုပ်နည်းများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ အာရှနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းပေါ်ပေါက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေချောမွေ့စေမည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ဘဏ်၏ အကြံပြုချက်များအရ လက်ရှိအခြေအနေများကို ပိုမိုတိုးတက်အောင် ဖြေလျှော့ဆောင်ရွက်ပေးရမည့် နည်းလမ်းများ၊ ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေမည့် ဥပဒေ၊ လုပ်ထုံး လုပ်နည်းများကို ပြင်ဆင်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများရယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေဖြစ်စေသည့် အနေအထားသို့ ရောက်ရှိအောင် စာချုပ်များ အသက်ဝင်ခြင်းကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤသို့ စာချုပ်များ အသက်ဝင်ခြင်းကြောင့် တရားမဝင်ဆောင်ရွက်မှုများကို လျှော့ချနိုင်မည်ဖြစ်ပြီး ငွေကြေးအထောက်အပံ့များ ပိုမိုဖြစ်ပေါ်လာပြီး ကုန်သွယ်မှုတိုးမြှင့်လာနိုင်သည်နှင့်အမျှ ပုဂ္ဂလိကကဏ္ဍသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနမှ ပညာရှင်များ၊ မြန်မာနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက စာတမ်းငါးစောင်အား ဆွေးနွေးတင်ပြကြရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည့်အပေါ် စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

☆ **ကျောဖုံးမှ**

ရှေ့မှောက်၌ ကော်မရှင်ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E.Mr. Alexey V. Ulyukaev တို့က လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ကော်မရှင်ပူးတွဲဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဒုတိယသမ္မတနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ လေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတင်းအချက်အလက်၊ နည်းပညာနှင့်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့်အခြားကဏ္ဍများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

○ **၂၀၁၄ ခုနှစ်မှ**

တတိယအဆင့်ဖြစ်သော စာရင်းဇယားပြုစုခြင်း လုပ်ငန်းစဉ်တွင် နိုင်ငံတစ်ဝန်းစာရင်းကောက်ကွက်အသီးသီးမှ ပြန်လည်စုစည်းရရှိပြီးသော အိမ်ထောင်စုတစ်စုခြင်းစီ၏ မေးခွန်းပုံစံအချက်အလက်ကိန်းဂဏန်းများအား အသေးစိတ်စစ်ဆေးခြင်း၊ ပုံရိပ်ဖတ်စက်တွင် အသင့်အသုံးပြုနိုင်ရန်ပြင်ဆင်ခြင်း၊ ကွန်ပျူတာစနစ်အတွင်း မှတ်တမ်းတင်ခြင်း၊ ပုံရိပ်ဖတ်ခြင်းနှင့်အမှားပြင်ဆင်ခြင်း စသည့်လုပ်ငန်းအဆင့်ဆင့်အား အချိန်ယူဆောင်ရွက်ရသည်ဖြစ်၍ ပင်မသန်းခေါင်စာရင်းအချက်အလက်များအား ၂၀၁၅ ခုနှစ် မေလခန့်တွင် ထုတ်ပြန်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပင်မသန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ မထုတ်ပြန်မီ နိုင်ငံတော်၏ စီမံကိန်းများနှင့် မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ ဌာနဆိုင်ရာများ၏ လိုအပ်ချက်အားလည်းကောင်း၊ အထိုက်အလျောက် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ရှေ့ပြေးလူဦးရေစာရင်းကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

ရှေ့ပြေးလူဦးရေစာရင်းသည် စာရင်းကောက်များမှ မြေပြင်ကောက်ယူဖြည့်သွင်းထားသော နိုင်ငံတစ်ဝန်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် ကောက်ကွက်အလိုက် အိမ်ထောင်စုလူဦးရေ၊ ကျား၊ မ အရေအတွက် စသည်တို့ကို ဖော်ပြထားသော ကောက်ကွက်တစ်ခုချင်းစီ၏ စာရင်းချုပ်မှ တွက်ချက်ထားခြင်းဖြစ်ပါသည်။

သို့ပါ၍ ကောက်ကွက်တစ်ခုချင်း၏ လက်ပေါင်းဇယားစာရင်းချုပ်မှ ကနဦးအဆင့်ရရှိထားသည့် ရှေ့ပြေးလူဦးရေစာရင်းအရ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ ညသန်းခေါင်ယံအချိန်၌ ရှိနေကြသော (ပြည်ပရှိ မြန်မာသံရုံးများမှ ဝန်ထမ်းများအပါအဝင်) မြန်မာနိုင်ငံ၏ လူဦးရေမှာ (၅၁၄၁၉၄၂၀) ဦး ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ရှေ့ပြေးလူဦးရေဆိုင်ရာ အသေးစိတ်အချက်အလက်များကို ၃၀-၈-၂၀၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ထပ်ဆင့်ရှင်းလင်းသွားမည်ဖြစ်ပါသည်။

**ဗဟိုသန်းခေါင်စာရင်းကော်မရှင်**

## သုဝဏ္ဏဝတီမြို့၌ အခမဲ့ဆေးဝါးကုသပေး

**သထုံ ဩဂုတ် ၂၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၀၀ ကျော်အား သထုံခရိုင်ကျန်းမာရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးလုပ်သားများက ဩဂုတ် ၂၈ ရက်တွင် သိမ်ဆိပ်ရပ်ကွက် မင်းတဲစု အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျန်းမာရေးစစ်ဆေးပြီး အခမဲ့ဆေးဝါးများ ကုသပေးခဲ့သည်။ "ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရဲ့ လမ်းညွှန်ချက်နဲ့ ကျေးလက်နေပြည်သူတွေကို ကွင်းဆင်းကုသပေးရင်းနဲ့ ကျွန်မတို့ဆီက ဆရာဝန်တွေ၊ သူနာပြုတွေကိုလည်း အထူးကုဆရာဝန်ကြီးတွေက လုပ်ငန်းခွင် လက်တွေ့သင်ကြားပေးတာပါ။ ဒီမှာ ကုသလို့ရတဲ့ ရောဂါမှန်သမျှ ကုသပေးပြီး ခွဲစိတ်ဖို့လိုအပ်ရင် ရက်ချိန်းပေးပြီး ခရိုင်ပြည်သူ့ဆေးရုံကြီးမှာ အခမဲ့ ခွဲစိတ်ပေးသွားမှာပါ"ဟု ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်ဝင်းက ပြောသည်။ အရိုးအကြော၊ သွားနှင့်ခံတွင်း၊ သားဖွားမီးယပ်၊ အရေပြား၊ ငှက်ဖျား၊ ခွဲစိတ်၊ မေ့ဆေးနှင့် ကလေးအထူးကု ဆရာဝန်ကြီးများ၊ တိုင်းရင်းဆေးသမားတော်များနှင့် ကျန်းမာရေးဝန်ထမ်း ၆၀ ကျော်တို့က နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အထွေထွေရောဂါများကို ရှာဖွေကုသပေးခဲ့ရာ သွားရောဂါခံစားနေရသည့် ဒေသခံပြည်သူတစ်ဦးက "မိသားစုအရေးကြောင့် မကျန်းမာပေမယ့် ဆေးမကုနိုင်ခဲ့ဘူး။ ခုတော့ အထူးကုဆရာဝန်တွေနဲ့ အသေအချာကုသရမယ်ဆိုတော့ ကျေးဇူးအရမ်းတင်ပါတယ်"ဟု ဝမ်းမြောက်စကားပြောကြားသည်။ သုဝဏ္ဏဝတီမြို့နှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၇၃၀ တို့အား ဆေးဝါးအခမဲ့ ကုသပေးနိုင်ခဲ့ကာ လာမည့်လတွင်လည်း သထုံခရိုင်အတွင်းရှိ ဘီးလင်းမြို့နယ်တွင် ယင်းသို့ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **သက်ဦး(သထုံ)**



## မြန်မာယူ-၁၉ အသင်း နိုင်ငံတကာပွဲများအတွက် အပြီးသတ်လူရွေးချယ်

*သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်*

အာရှအားကစားပြိုင်ပွဲဝင်မည့် ထိုင်းယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲ၊ ဗီယက်နမ်တွင်ကျင်းပမည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၁၉ အသင်းသည် အပြီးသတ်ကစားသမား ၂၀ ကို ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးဝင်း၊ နည်းပြချုပ်-ဂျတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ-ဦးညီညီလတ်၊ ဂိုးနည်းပြ-ဦးမြတ်ကိုမင်း၊ ဂိုးသမား-မျိုးမင်းလတ်၊ ထက်လင်းဦး၊ နောက်တန်း-ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ နိုင်လင်းထွန်း၊ နန္ဒကျော်၊ သီဟထက်အောင်၊ အလယ်တန်း -ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်၊ စွမ်းထက်အောင်၊ ချစ်လှအောင်၊ မျိုးကိုထွန်း၊ ရန်လင်းအောင်၊ ရန်နိုင်ဦး၊ ရွှေဝင်းထွန်း၊ မောင်မောင်စိုး၊ ရှေ့တန်း -အောင်သူ၊ သန်းပိုင်၊ ရှိုင်းသူရနှင့် မောင်မောင်လွင်တို့ပါဝင်ကြသည်။ မြန်မာယူ-၁၉ အသင်းသည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် ထိုင်းသို့ထွက်ခွာမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် ဩဂုတ် ၃၀ ရက်တွင် အာရှအားကစားပြိုင်ပွဲဝင်မည့် ထိုင်းယူ-၂၃ အသင်းနှင့် ဖူးခက်တွင် ခြေစမ်းကစားမည်ဖြစ်ပြီး ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့တွင် ကျင်းပမည့် အာဆီယံယူ-၁၉ ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု(က) တွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ဂျပန်၊ ဩစတြေးလျနှင့် အိမ်ရှင်ဗီယက်နမ်တို့ ပါဝင်နေသည်။ မြန်မာအသင်းမှာ ဖူးခက်တွင် သုံးရက်ကြာ လေ့ကျင့်မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ဗီယက်နမ်သို့ ထွက်ခွာမည်ဖြစ်သည်။

■ **ပေါ်တူဂီမှ**

ဆီမီးဖိုင်နယ် တက်လှမ်းနိုင်သည်အထိ စွမ်းဆောင်ပေးနိုင်ခဲ့သည်။

သို့ရာတွင် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ပေါ်တူဂီနှင့် ဆွီဒင်တို့ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် Play Off ကစားခဲ့ရာတွင် စီရိုနယ်လ်ဒို၏ ဟက်ထရစ်ဂိုးဖြင့်ပေါ်တူဂီအသင်း ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့ခြင်း၊ ပြီးခဲ့သည့် ဘောလုံးရာသီကသွင်းဂိုး စုစုပေါင်း ၅၁ ဂိုး သွင်းယူကာ ရီးယဲလ်မက်ဒရစ်အသင်းအား (၁၀) ကြိမ်မြောက် ချန်ပီယံလိဂ်ချန်ပီယံဖြစ်လာရန် စွမ်းဆောင်ပေးခဲ့ခြင်း၊ စပိန်ကိုပါဒယ်ရေးဖလားကို အရယူပေးနိုင်ခဲ့ခြင်း စသည်ဖြင့် စွမ်းဆောင်ရည်ကောင်းများကို ပြသနိုင်ခဲ့ခြင်းတို့ကြောင့် ဥရောပအကောင်းဆုံးကစားသမားဆုကို စီရိုနယ်လ်ဒို ဆွတ်ခူးနိုင်ခဲ့သည်။

ဥရောပအကောင်းဆုံး ကစားသမားဆုကို ၂၀၁၀-၂၀၁၁ ဘောလုံးရာသီတွင် ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက လည်းကောင်း၊ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီတွင် ဘာစီလိုနာ ကွင်းလယ်ကစားသမားအင်နီယေစတာကလည်းကောင်း၊ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတွင် ဘိုင်ယန်တောင်ပံကစားသမား ရီဘာရီကလည်းကောင်း အသီးသီးရရှိခဲ့ကြပြီး ၂၀၁၃-၂၀၁၄ ဘောလုံးရာသီအတွက်ပေးသော ဥရောပအကောင်းဆုံးကစားသမားဆုကိုမူ ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ရရှိခဲ့ခြင်းဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် ဩစတြေးလျနိုင်ငံမှ Professor Dr.Robert Bauze တို့လာရောက်တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Vasily B.Pospelove ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

အလားတူ ပြည်ထောင်စုဝန်ကြီးအား ဩစတြေးလျနိုင်ငံ Department of Foreign Affair and Trade (DFTA) မှ Professor Dr.Robert Bauze သည် ညနေ ၃ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံပြီး မွေ့ဆိပ်ဖြေဆေးထုတ်လုပ်မှုနှင့်ပတ်သက်ပြီး အကူအညီပေးရေးကိစ္စ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးကိစ္စများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ရောဝတီမြေထိန်းနံရံ ရေကာတာပြိုကျ၊ ဆက်မပြိုရေး ဆောင်ရွက်မည်

**မြင်းမူ ဩဂုတ် ၂၉**

မြင်းမူမြို့ အသောကရပ်ကွက် ကမ်းနားလမ်း ဧရာဝတီမြစ်ရေတိုက်စားမှု၊ မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက အုတ်ရိုးစီမြေထိန်းနံရံ(ရေကာတာ)၃၅ ပေခန့် ပြိုကျသွားခဲ့သည်။ ပြိုကျသည့်နေရာမှ အရှေ့ဘက်ကပ်လျက် ပေ ၃၀ ခန့် အက်ကြောင်းများရှိနေသေး၍ နောက်ထပ်ပြိုကျမည့် အန္တရာယ်ရှိနိုင်ကြောင်း သိရသည်။

အုတ်ရိုးစီမြေထိန်းနံရံပြိုကျခဲ့မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သိန်း ၄၀ ခန့်ဖြစ်သည်။ အဆိုပါပြိုကျမှုကို တောင်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်းက သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့၍ မြင်းမူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီခိုင်နှင့်အဖွဲ့ဝင်များ၊ မြင်းမူမြို့မရဲစခန်းမှူး၊ ဒုရဲမှူး အုန်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ လာရောက်ကာ မြေပြိုမှုဆက်လက်မဖြစ်ပွားစေရေး ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။ **(အပေါ်ပုံ)**

**ကိုကိုနိုင်(မြင်းမူ)**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်(တိုင်ပေ)မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးပညာရှင်များ တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၉**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား တရုတ်(တိုင်ပေ) W& D Technology Corporation မှ ဥက္ကဋ္ဌ Mr.David Wei ဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးပညာရှင်များသည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန တည်ဆောက်(၉) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တရုတ်(တိုင်ပေ) လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံသူများအဖွဲ့က မြန်မာနိုင်ငံမှ ထွက်ရှိသော သစ်သီးဝလံများကို အဆင့်မြှင့်တင်ထုတ်လုပ်၍ အမေရိကန်၊ ဂျပန်နှင့် ဥရောပနိုင်ငံများသို့ ဈေးကွက်ရှာဖွေတင်ပို့ရောင်းချမည့် စီမံကိန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နှစ်ဖက်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေများနှင့်ညီညွတ်စွာ လုပ်ငန်းများ လျင်လျင်မြန်မြန်စတင်နိုင်ရေးအတွက် ဖိတ်ခေါ်ကြောင်း ဆွေးနွေးသည်။

အဆိုပါ အဖွဲ့သည် ဩဂုတ် ၂၈ ရက် နံနက် ၇ နာရီတွင် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် တောင်သူပညာပေး တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ ဓာတုကင်းလွတ်သစ်သီးဝလံစိုက်ခင်း ရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးနှင့် ထပ်မံတွေ့ဆုံ၍ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် အသေးစိတ် ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် တရုတ်(တိုင်ပေ) အဖွဲ့သည် စက်စက်ယိုဆည်ရေသောက် တောင်သူပညာပေး တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ ဓာတုကင်းလွတ် သစ်သီးဝလံစိုက်ခင်းတွင် စိုက်ပျိုးအောင်မြင်လျက်ရှိသော စိုက်ခင်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ အဖွဲ့သည် မြန်မာနိုင်ငံတွင် ခေတ်မီအဆင့်မြင့် တန်ဖိုးမြင့် ထုတ်လုပ်မည့် စက်ရုံနှင့် ခေတ်မီ ထုပ်ပိုးစက်ရုံများ ထူထောင်ပြီး မြန်မာ့လယ်ယာထွက်ကုန်များကို အမေရိကန်၊ ဂျပန်နှင့် ဥရောပနိုင်ငံဈေးကွက်များသို့ စီးပွားဖြစ်တင်ပို့ရောင်းချနိုင်ရေးနှင့် ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းတွင်စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အကြံပြုချက်များ ပေးပို့နိုင်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေးအသုံးစရိတ် ဘဏ္ဍာငွေများကို တိုးမြှင့်သုံးစွဲလျက်ရှိပြီး ပြည်သူ့ကျန်းမာရေးမြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ပြည်သူ့ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် အကြံဉာဏ်များပေးလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပို့နိုင်ပါသည်-

**ဦးစိန်ဝင်း၊ ရုံးအဖွဲ့မှူး**
**ရုံးအမှတ် (၄)၊ ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၅၉၊၀၉-၈၆၀၁၁၅၁ ကျန်းမာရေးဝန်ကြီးဌာန**

## အမှတ်(၁၆)အစုန် လူစီးရထားလမ်းချော်

**မော်လမြိုင် ဩဂုတ် ၂၉**

နေပြည်တော်မှ မော်လမြိုင်သို့ ထွက်ခွာလာသော အမှတ်(၁၆)အစုန် လူစီးအမြန်ရထားသည် ဩဂုတ် ၂၈ ရက် ညနေ ၃ နာရီခွဲခန့်က အိမ်ခြေလေးဆယ်ဘူတာနှင့် မင်္ဂလွန်ဘူတာကြား ရထားလမ်း မိုင်တိုင်အမှတ်(၀/၁၁ မှ ၁၂)ကြားတွင် လမ်းချော်မှုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါဖြစ်ပွားသည့်နေရာသို့ အိမ်ခြေလေးဆယ်ဘူတာမှ ဒု-ရုံပိုင်ရောက်ရှိလာပြီး ဘီးချော်သွားသည့် အထက်တန်းလူစီးတွဲနှင့် ကုန်တင်တွဲအား ဘီးချော်သည့်နေရာတွင်ချန်ထားခဲ့ပြီး အထက်တန်းတွဲမှ ခရီးသည်များကို ရှေ့တွဲများသို့ ပြောင်းရွှေ့ပေးပြီး ရိုးရိုးတန်းလူစီးလေးတွဲနှင့် မော်လမြိုင်သို့ ညနေ ၅ နာရီတွင် ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ ရထားလမ်းချော်ကျမှုနှင့်ပတ်သက်၍ ခရီးသည်များ တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **(မင်းမဟာ)**

## စက်တပ်ရေယာဉ်များဖြင့် ကူးသန်းသွားလာသူများ အန္တရာယ်ကင်းစေချင်

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အနောက်ဘက်ခြမ်းရှိ ပြည်သူများသည် နေ့စဉ်နှင့်အမျှ မြို့ဘက်ကမ်းသို့ ကူးလူးသွားလာ လုပ်ကိုင်စားသောက်နေထိုင်ကြသူများဖြစ်ကြပြီး ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများမှာ နေ့စဉ် စက်တပ်ရေယာဉ်များကို စီးနင်းရန် ကူးသန်းသွားလာနေကြရသူများဖြစ်ကြသည်။



မြစ်အတွင်း၌ရပ်နားထားသော သင်္ဘောများသည် တစ်စင်းနှစ်စင်းမကဘဲ တစ်ခါတစ်ရံ ရှစ်စင်းမှ ၁၂ စင်းအထိ ချိတ်တွဲရပ်နားထားသည်ကို တွေ့ရှိရသည်။ ရေယာဉ်အမှုဆောင် တာဝန်ရှိသူတစ်ဦးပြောသည်မှာ ဤကဲ့သို့ သင်္ဘောတွဲများ များနေခြင်းသည် အန္တရာယ်ရှိနိုင်ကြောင်း၊ ခရီးသွားလုပ်သားပြည်သူများအထဲ ခရီးသွားတစ်ဦးကလည်း ဖလက်တွဲများ အများကြီးအတွင်းမတော်တဆဖြစ်ခဲ့လျှင် (သို့)စက်ချွတ်ယွင်းမှုကြောင့် မျောဝင်သွားလျှင် အလွန်ကြောက်မက်ဖွယ်ဖြစ်ရကြောင်း၊ ရေကူးတတ်သော်လည်း မလွယ်ကူကြောင်း၊ မြစ်တွင်းမှာ ရပ်ချင်သလိုရပ်ထားသော သင်္ဘောအထပ်တွဲများ နည်းအောင် ဆောင်ရွက်ခြင်းဖြင့် မြစ်တွင်းဘေးအန္တရာယ်ကင်းရှင်းနိုင်ပါကြောင်း ပြောပြချက်အရ သိရသည်။

**(ရွှေတိုင်လွင်)**

## စိုးရိမ်ရေမှတ်နီးနေသဖြင့် မော်လိုက်မြို့တွင် ကြိုတင်သတိပေးမှုများဆောင်ရွက်

**မော်လိုက် ဩဂုတ် ၂၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်များအရ ဩဂုတ် ၂၈ ရက်တွင် မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေသည် နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်ကိုကျော်လွန်နိုင်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍မော်လိုက်မြို့ရှိ မြစ်ကမ်းတစ်လျှောက် အနိမ့်ပိုင်းရပ်ကွက်များနှင့်ကျေးရွာများသို့ မြစ်ရေဝင်ရောက်မှုအခြေအနေကို ကြိုတင်သတိပေးကြေညာထားကြောင်း သိရသည်။ မြစ်ရေများဝင်ရောက်လာပါက ကမ်းနားပိုင်းနေထိုင်သူများအား ကုန်းမြင့်နေရာသို့ အမြန်ဆုံးရွှေ့ပြောင်းပေးနိုင်ရေးအတွက် မော်လိုက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကြီးကြပ်မှုကော်မတီတို့မှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၃၀-၈-၂၀၁၄ (စနေနေ့)**

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၇း၃၀ | MRTV-4 သတင်း |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (Revlon Color Stay) |
| ၈း၀၀ | Cartoon Series (Go Go Giggles) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | The Dhef |
| ၁၁း၅၀ | Drive It |
| ၁၂း၂၀ | Healthy Life (Smart Health & Beauty Spa) |
| ၄း၀၀ | Cartoon Series(Go Go Giggles) |
| ၄း၄၀ | Ksd's Show |
| ၅း၀၅ | Medagascar, The World's Island (The Lemurs and chemelons of Medagascar) |

## ရေလွှမ်းမိုးမှုကြောင့် ထိခိုက်ပျက်စီးခဲ့သော လယ်မြေများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**ပြည် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရေလွှမ်းမိုးမှုကြောင့်ထိခိုက်ပျက်စီးခဲ့သော လယ်မြေများအတွက် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ပြည်ခရိုင် ပြည်မြို့နယ်တွင် မြွေရိုးကျေးရွာအုပ်စုအတွင်းရှိ မိုးစပါးပျက်စီးဧက ၂၀နှင့် ထိခိုက် ၃၅ ဧကအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လယ်သမားများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက်က အဆိုပါကျေးရွာအုပ်စု မိန်းမရဲကျေးရွာ မူလတန်း(လွန်)ကျောင်း၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်က ငွေကျပ် ၄၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဌေးက လက်ခံရယူသည်။ **မြင့်နိုင်(ပြည်)**

## မိုးကြိုးပစ်သံကြား၍ နှလုံးသွေးရပ်သေဆုံး

**မလှိုင် ဩဂုတ် ၂၉**

မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာတွင် ဩဂုတ် ၂၈ ရက်က ပန်းအိုင်ကျေးရွာနေ ဒေါ်ရီမွန်နှင့် သမီးဖြစ်သူ မချစ်စုဝင်းတို့သည် အကြော်ရောင်းနေစဉ် မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်သံကြားသဖြင့် သမီးဖြစ်သူ မချစ်စုဝင်း (၁၇)နှစ်မှာ ထိတ်လန့်၍ နှလုံးသွေးရပ်ကာ သေဆုံးသွားခဲ့သည်။ မချစ်စုဝင်းသေဆုံးမှုနှင့်ပတ်သက်၍ မလှိုင်ရဲစခန်းက သေမှုသေခင်း အမှတ်စဉ်(၁၂/၂၀၁၄)ဖြင့် ရေးဖွင့်ထားသည်။ **(၁၁၁)**

**ဥတုရာသီ တောကိုမှီ၏**

# အမျိုးသားပညာရေးဥပဒေ(မူကြမ်း) စကားဝိုင်းဆွေးနွေးပွဲ ကောက်နုတ်ချက်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် Education Talk အစီအစဉ်တွင် ဦးမျိုးမြတ်သူနှင့် ရန်ကုန်တက္ကသိုလ်ဥပဒေဌာနမှ အငြိမ်းစား ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေဌာနမှ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ချစ်ချစ်၊ ဆရာကြီးဒေါက်တာ ခင်မောင်ညိုတို့ အမျိုးသား ပညာရေးဥပဒေ(မူကြမ်း) နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်များကို ပြန်လည်ကောက်နုတ်တင်ပြလိုက်ရပါသည်။**

**အမျိုးသားပညာရေး ဥပဒေဆိုသည်မှာ**

ပညာရေးဆိုသည်မှာ လူတစ်စုတစ်ဖွဲ့တည်းနှင့်သက်ဆိုင်သော ကိစ္စ မဟုတ်ဘဲ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်ဖြစ်ပါသည်။ ထို့ကြောင့်ပညာရေးသည် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ပြောင်းလဲမှုများတွင် အဓိကကျသည့် ကဏ္ဍဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေရေးဆွဲရန် လိုအပ်လာသဖြင့် ဤလုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားပညာရေးဥပဒေ၏ အနေအထားမှာ အားလုံးကို ခြုံငုံပြီးမူဝါဒတစ်ရပ် ချမှတ်အကောင်အထည်ဖော်သည့်အခါ ရှေ့ဆောင်လမ်းပြဖြစ်သွားရန်ဆိုသည့် Mother Law ဖြစ်ကြောင်း သိရှိရသည်။

**အမျိုးသားပညာရေးဥပဒေတွင် ပြင်ဆင်မှုများ**

အမျိုးသားပညာရေးဥပဒေသည် ရေရှည်တည်တံ့ခိုင်မြဲသည့် ဥပဒေဖြစ်ရန် လိုအပ်ပြီး နိုင်ငံတော်သမ္မတကြီးကလည်း လက်တွေ့ကျသည့် အကောင်အထည်ဖော်မှုကို ဆောင်ရွက်ရမည်ဟု လမ်းညွှန်ထားသည့်အတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစပြီး အဖွဲ့ငယ်များ ဖွဲ့ပြီးဆောင်ရွက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပညာရေးနှင့်ပတ်သက်ပြီး လက်တွေ့ကျသည့် မြှင့်တင်မှုလုပ်ရန်အတွက် ရည်ရွယ်၍ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီတွင် Task Force ဟုခေါ်သော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ Advisory Board ခေါ်သည့် အကြံပေးပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ အငြိမ်းစားယူသွားသည့် ပညာရှင်များ၊ ပြင်ပပညာရှင်များ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကို အပြုသဘောဖြင့်ကောင်းကျိုးဆန္ဒရှိပြီး ပါဝင်ချင်သူများဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို Task Force နှင့် Advisory Board များအောက်တွင် ဆက်လက်ပြီး လုပ်ကိုင်အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Working Group ၁၈ခုကို ဖွဲ့စည်းထားပါသည်။ ထို့နောက် အမျိုးသားပညာရေးဥပဒေမူကြမ်းကို ရေးဆွဲခဲ့ပြီး မတ်လ ၁၆ ရက်နေ့မှစပြီး နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူလေ့လာနိုင်ရန် ထုတ်ပြန်ပေးခဲ့ပါသည်။

**အမျိုးသားပညာရေးဥပဒေမူကြမ်းနှင့်ပတ်သက်ပြီး အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု**

သတင်းစာထဲတွင်ပါလာသည်အထိ ယင်းအဖွဲ့က အပြင်းအထန်ကြိုးပမ်းခဲ့ရသော ကာလမှာ ခြောက်လခန့်ရှိခဲ့ပါသည်။ ပထမဦးဆုံးအနေဖြင့် အဖွဲ့ ၁၈ ဖွဲ့က ဥပဒေထဲတွင် ထည့်ပေးရန် လိုအပ်သည်များကို အကြံပြုခဲ့ကြပါသည်။

တစ်နိုင်ငံလုံး၏ ပညာရေးစနစ်မြှင့်တင်ရန်အတွက် မည်သည့်ကဏ္ဍများ အလေးထားရမည်ကို အရင်ဆုံးပိုင်းခြားခဲ့ပါသည်။ ထို့နောက် ဥပဒေပြုစုသည့်အဖွဲ့က နံပါတ် (၁) မူဝါဒပိုင်းမှစပြီး စုဆောင်းခဲ့ပါသည်။ မူဝါဒနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရှိ တက္ကသိုလ်ဆရာများ၊ ကျောင်းသားများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ရှစ်ကြိမ်ခန့် ခေါ်ယူဆွေးနွေးခဲ့ပါသည်။ နိုင်ငံရေးပါတီများကိုလည်း ဖိတ်ကြားဆွေးနွေးပြီးမှ ရေးဆွဲထားခြင်းဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေမူကြမ်းရေးဆွဲသည့်အဖွဲ့တွင် ပါဝင်သော အဖွဲ့အလိုက် အဖွဲ့တိုင်းကို အကြံပေးနိုင်ရန် အဖွဲ့ခေါင်းဆောင်တိုင်းကို ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ၊ ဂျီမေးလ်လိပ်စာ၊ အီးမေးလ်လိပ်စာများ ဖြန့်ဝေထားခဲ့ပါသည်။ ရန်ကုန်တွင် ဆွေးနွေးမှုများလုပ်သကဲ့သို့ အောက်မြန်မာပြည်၊ အထက်မြန်မာပြည်တို့တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက်ခွဲပြီး ဥပဒေဆွေးနွေးချက်များလုပ်ခဲ့ပါသည်။ ယင်းတို့ကို ပေါင်းစပ်ပြီးအခြေကျလာသည့်အခါ နေပြည်တော်တွင် နောက်ဆုံးဖိုရမ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများ ပါဝင်၍ နှစ်ရက်ကျင်းပခဲ့ပါသည်။ ဖိုရမ်နှစ်ရက်ကျင်းပ၍ နောက်ဆုံးရရှိလာသည်များကို ပြန်ပြင်ဆင်ပြီး အချက်အလက်များ ပြုစုခဲ့ကြခြင်းဖြစ်ပါသည်။

**အမျိုးသားပညာရေးဥပဒေမူကြမ်းပေါ် အမြင်**

ပြည်သူများအနေဖြင့် မည်သည့်ပညာရေးစနစ်မျိုးဖြစ်ချင်သည်ကို အခြေခံရသကဲ့သို့ တစ်ဖက်ဥပဒေပညာပိုင်းတွင်လည်း ကမ္ဘာ့နိုင်ငံများ၏ အမျိုးသားပညာရေးဥပဒေကို မည်သို့ရေးသည်ကို နှိုင်းယှဉ်လေ့လာမှုများ လုပ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ၌ တစ်နိုင်ငံလုံးကို လွှမ်းခြုံသည့်အမျိုးသားပညာရေးဥပဒေမှာ မြန်မာနိုင်ငံတွင် ယခင်ကမရှိခဲ့ပါ။ တက္ကသိုလ်ပညာရေးဥပဒေ၊ အခြေခံပညာရေးဥပဒေသာရှိခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ပေါ်ထွက်လာမည့် အမျိုးသားပညာရေးဥပဒေသည် နိုင်ငံတကာအဆင့်လည်းမီမည့်၊ ပြည်သူများ၏ ဆန္ဒနှင့်လည်း ကိုက်ညီနိုင်မည့် ဥပဒေမျိုးဖြစ်အောင် နှိုင်းယှဉ်လေ့လာပြီး ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။

ယခုပညာရေးဥပဒေသည် ကျောင်းသားများကို နိုင်ငံရေးတွင် မပါဝင်အောင်၊ ကျောင်းသားသမဂ္ဂအဖွဲ့အစည်းများဖွဲ့စည်း၍ မရအောင် ဥပဒေဖြင့်ချုပ်ကိုင်မည်ဟု ထင်မြင်နေကြသူများလည်းရှိပါသည်။ ယခုခေတ်တွင်လည်း ကျောင်းသားအဖွဲ့အစည်းများရှိရပါမည်။ သို့သော် ကျောင်းသားအဖွဲ့အစည်းများသည် ပညာရေးဆိုင်ရာ နိုင်ငံရေးကို ဆွေးနွေးခွင့်ရှိသော်လည်း၊ နိုင်ငံရေးကိစ္စများကို လုပ်ဆောင်ခွင့်ရှိသော်လည်း ပါတီအနိုင်ရရှိရေးအတွက် ကျောင်းသားများကို လာရောက်စည်းရုံးခွင့်ကို ပေးရန်မသင့်တော်သည်ကို အခြားနိုင်ငံတက္ကသိုလ်များ၏ ဥပဒေများအရတွေ့ရပါသည်။

ဥပဒေကို စရေးကတည်းက တက္ကသိုလ်ဆိုလျှင် လွတ်လပ်စွာ စီမံခန့်ခွဲခွင့်ပေးမည်၊ လုပ်ပိုင်ခွင့်ကာလကို ငါးနှစ်ပေးမည်၊ ဖြည်းဖြည်းချင်းသွားမည်၊ တက္ကသိုလ်သည်ဖွံ့ဖြိုးတိုးတက်မှုရအောင် ပညာရေးလွတ်လပ်ခွင့် ပထမဦးဆုံးပေးမည်ဆိုသည့် စေတနာဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

ဥပဒေကို ရေးဆွဲရာတွင် ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားပါသည်။ ပညာရေးကို သုံးပိုင်းပိုင်းထားပါသည်။ အခြေခံ၊ အဆင့်မြင့်၊ Technical နှင့် Vocational ဖြစ်ပါသည်။

**အမျိုးသားပညာရေးဥပဒေပေါ် ပေါက်လာခြင်း၏ အကျိုးကျေးဇူးများ**

ဤဥပဒေထွက်လာပြီး နောက်တွင် အသေးစိတ်အကောင်အထည်ဖော်ရန်အတွက် Sector Law များကို ထပ်ပြီးပြဋ္ဌာန်းရန်လိုပါသည်။ အဆင့်မြင့်ပညာရေးဥပဒေဆိုလျှင်လည်း တက္ကသိုလ်၊ ကောလိပ်အားလုံးနှင့် သက်ဆိုင်သည့် ဥပဒေဖြစ်ပါမည်။ အဆင့်မြင့်ပညာရေးဥပဒေအရ သက်ဆိုင်ရာ တက္ကသိုလ်များကို University Chater များ သီးခြားရေးဆွဲခွင့်ရလာမည်ဖြစ်ပါသည်။ သီးခြားတက္ကသိုလ်အလိုက် ရေးသားပြီး ဆောင်ရွက် ပိုင်ခွင့်များ ပေးသွားမည်ဖြစ်ပါသည်။

ထို့ပြင် အရည်အသွေးထိန်းသိမ်းမှုနှင့်ပတ်သက်ပြီး အာဆီယံနိုင်ငံများနှင့်ဆက်သွယ်ပြီး အဆင့်အတန်းမီအောင်၊ တတ်နိုင်သရွေ့ ဖွံ့ဖြိုးအောင်ရည်ရွယ်ဆောင်ရွက်ထားပါသည်။ ထို့ကြောင့် ပညာရေးစနစ်သည် ယခုထက်စာလျှင် အများကြီးပွင့်လင်းမြင်သာပြီးလွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်များအများကြီး ပေးသွားမည်ဖြစ်ပါသည်။ ပညာရေးလောကမှ ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများအားလုံးရော ပိုပြီးကျေနပ်နှစ်သက်မှုရှိလာမည်ဟု မျှော်လင့်ပါသည်။

**အနာဂတ်တက္ကသိုလ်များ**

ပုဂ္ဂလိကတက္ကသိုလ်များနှင့် နိုင်ငံတော်မှ ထောက်ပံ့ပေးထားသော တက္ကသိုလ်များရှိလာပါမည်။ နိုင်ငံတကာကဲ့သို့ ဖြစ်လာကြပါမည်။ ၎င်းတို့ကို ပေါင်းစပ်ညှိနှိုင်းပေးမည့် ကော်မတီအမည်ကို စဉ်းစားဆဲဖြစ်ပါသည်။

**နိဂုံးစကား**

ခေတ်တစ်ခေတ်အပြောင်းတွင် မရှိဖူးသေးသည့် အမျိုးသားပညာရေးဆိုပြီး လွှမ်းခြုံသည့်ဥပဒေတစ်ခု ပေါ်ထွက်လာမည်ကို မျှော်လင့်စောင့်စားပြီး ယုံကြည်ပေးရန် လိုအပ်ပါသည်။ လွတ်လပ်ခွင့်နှင့် အားလုံးပါဝင်နိုင်ခွင့်များကို ဤဥပဒေတွင် ထည့်ရေးထားပါသည်။ ထို့ကြောင့် အမျိုးသားပညာရေးဥပဒေပေါ်ထွက်လာရန် အားလုံးက ကြိုဆိုလက်ခံသင့်ပါကြောင်းတင်ပြအပ်ပါသည်။



# တောင်ငူမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်း

**တောင်ငူ ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ ကန်လမ်းရှိ မေတ္တာနှင့်စေတနာ သွေးလှူရှင်အသင်းရုံးခန်းမ၌ ကျင်းပရာ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ညို (အမေအိမ့်) က ရှင်းလင်းဆွေးနွေးပြီး **(အပေါ်ပုံ)** အခမ်းအနားမှူးအဖြစ် တောင်ငူတက္ကသိုလ် မြန်မာစာ ပါမောက္ခ(ငြိမ်း) ဒေါက်တာ ဒေါ်မာမာဝေက ဆောင်ရွက်သည်။

ထို့နောက် ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ အစ္စလာမ်နှင့်ခရစ်ယာန်ဘာသာကြီးလေးခုတို့မှ ခေါင်းဆောင်များက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးနှင့်ပတ်သက်၍ အသီးသီးအကြံပြုဆွေးနွေးကြပြီး ဦးဆောင်နာယကသုံးဦး၊ နာယကသုံးဦး၊ ဥက္ကဋ္ဌအဖြစ် ဦးအောင်ကျော်ဦး(မော်တော်ယာဉ်လုပ်ငန်းရှင်)ပါဝင်သော အဖွဲ့ဝင်ကိုးဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် အစ္စလာမ်ဘာသာဝင်များအဖွဲ့မှ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့အတွက် မတည်ရန်ပုံငွေအဖြစ် ငွေကျပ်၁၀ သိန်း ပေးအပ်လှူဒါန်းပြီး အခမ်းအနားသို့ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ် ၆၀နှင့်ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကျော်လှ(တောင်ငူ)**

# အမှုထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**မုံရွာ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၏ အမှုထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(၁/၂၀၁၄) ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးဌာနမှူး(ညွှန်ကြားရေးမှူး) ဦးစိုးပိုင်မြင့်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာကွန်ပျူတာတက္ကသိုလ်တို့မှ သင်ကြားပို့ချပေးမည့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ၊ တိုင်းဒေသကြီးအတွင်းမှ အမှုထမ်းဝန်ထမ်း သင်တန်းသူ ၁၇ ဦး၊ သင်တန်းသား ၄၃ ဦး စုစုပေါင်း ၆၀ နှင့် တိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်ရုံးတို့မှ သင်တန်းတာဝန်ခံအရာရှိများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီးပြန်/ ဆက်)**

# ရေဝတီမြစ်ကူး စစ်ကိုင်းတံတား (အင်း၀)ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဩဂုတ် ၂၉**

ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား (အင်း၀) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁)နှင့် (၂) အကြားမှ ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့်(၃) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၁)နှင့် (၂) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည် ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၅၀ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသား ပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

ရေယာဉ်များအနေဖြင့် ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲရေယာဉ်များ တစ်တွဲချင်းသာချိတ်ဆွဲဖြတ်သန်းကြရန်ဖြစ်သည်။ အစုန်ရေယာဉ်အား ဦးစားပေးရန်နှင့် ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းအသိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း

**လားရှိုး ဩဂုတ် ၂၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် နေပြည်တော်၌ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ပြည်နယ်တရားရေးဦးစီးမှူးများ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ပြည်ထောင်စု တရားလွှတ်တော်တရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ်တရားလွှတ်တော် တရားရေးဦးစီးမှူးက ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မှာကြားချက်များ၊ ရုံးလုပ်ငန်းဆိုင်ရာများကို ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများက တရားစီရင်ရေး အခြေအနေနှင့် ရုံးလုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်တရားလွှတ်တော် တရားရေးဦးစီးမှူးက တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**(စံဏီအောင်)**

# သာကေတမြို့နယ်တွင် အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၃)ရပ်ကွက် ခိုင်ရွှေဝါ လမ်းမပေါ်တွင် ဩဂုတ် ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်က ဦးမြင့်အောင်(ခ)ကိုလေး သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက်နေသူပါ ရှစ်ဦးခန့်နှင့် သာကေတမြို့နယ် ၁၀/တောင် (၁၄)ရပ်ကွက်နေ နေမျိုးအောင်ပါ ၁၀ ဦးခန့်တို့သည် တုတ်၊ ဓားများကိုင်ဆောင်၍ အုပ်စုဖွဲ့ကာ တစ်ဖက်နှင့်တစ်ဖက် ခဲများနှင့်အပြန်အလှန်ပစ်ကာ ခိုက်ရန်ဖြစ်ပွားနေကြောင်း သတင်းအရ သာကေတမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ မြင့်အောင်(ခ)ကိုလေး (၅၅)နှစ်အား အရိုး အသွား ခြောက်လက်မခန့်ရှိ ဓားဦးချွန်ခေါက်ဓား တစ်ချောင်း၊ ပြောက်အိုးတစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းအား မင်္ဂလာတောင်ညွန့် မမစ(ပ)၅၂၇/၁၄၊ လက်နက်ဥပဒေပုဒ်မ ၁၉(င)အရ အရေးယူခဲ့သည်။ ထို့ပြင် ၎င်းသည် အခင်းဖြစ်စဉ်၌ ပြောက်အိုးနှစ်ချက်ပစ်ဖောက်ခဲ့သဖြင့် သာကေတနယ်မြေရဲစခန်းက(ပ)၅၀၇/၁၄ ပြစ်မှုပုဒ်မ ၂၈၆ အရ လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှုပျက်ပြားစေရေးဖြစ်ပေါ်စေသည့်ပြစ်မှုကို ကျူးလွန်လေ့ရှိပြီး ဆိုးသွမ်းရမ်းကားသူတစ်ဦးဖြစ်သဖြင့် သာကေမြို့မရဲစခန်းက (ပ)၄၁၄/၂၀၁၄၊ ခြေချုပ်နှင့် ခံဝန်အက် ဥပဒေပုဒ်မ ၅(၁)(စ)(ဆ)အရလည်းကောင်း အရေးယူထား ရှိကြောင်း သိရသည်။ အလားတူ တစ်ဖက်အဖွဲ့အား ဦးဆောင်ခဲ့သူ နေမျိုးအောင်(၃၇)နှစ်ကိုလည်း သာကေတနယ်မြေရဲစခန်းက(ပ)၅၀၆/၁၄၊ ခြေချုပ်နှင့်ခံဝန်အက် ဥပဒေပုဒ်မ ၅(၁)(စ)(ဆ)တို့ဖြင့် အမှုဖွင့် စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဦးမြင့်အောင်(ခ)ကိုလေး၏ ငွေမင်ရောင် NISSAN Cetric ယာဉ်မှာ ရှေ့လေကာမှန်ကွဲသွားခဲ့ကာ အနီးရှိ ရပ်ကြည့်နေသူ နေလင်းအောင်၏ ဦးခေါင်းတွင် ခဲထိမှန်ပြီး ဖူးရောင်ဒဏ်ရာ ရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ပြင်ပလူနာ(မစိုးရိမ်ရ)ဖြင့် ကုသထားရကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခုနစ်လတာအတွင်း ညအချိန်လမ်းသွားသူကို ယာဉ်တိုက်မိသည့်အမှုပေါင်း ၉၀ ကျော်ရှိ

**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်မြို့အတွင်း၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ခုနစ်လတာကာလအတွင်း ညအချိန် လမ်းသွားလမ်းလာများကိုတိုက်မိသည့် ယာဉ်တိုက်မှုဖြစ်စဉ်ပေါင်း ၉၇ မှုရှိခဲ့ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် သေဆုံးသူကျား ၁၉ ဦးနှင့် မ နှစ်ဦးရှိခဲ့ပြီး ဒဏ်ရာရရှိသူမှာ ကျား ၆၅ ဦးနှင့် မ ၂၀ ရှိသည်။ ညပိုင်းယာဉ်တိုက်မှုဖြစ်စဉ်များကို ပြန်ကြည့်ပါက ညပိုင်းတွင် ယာဉ်ကြောများရှင်းလင်းနေသည့်အတွက် ယာဉ်မောင်းများသည် ယာဉ်ကိုအရှိန်ဖြင့်မောင်းနှင်ခြင်း၊ အလင်းရောင်ကောင်းစွာ မရသည့်အခြေအနေမျိုးများရှိသော်လည်း အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ လမ်းသွားလမ်းလာအချို့မှာလည်း မမြင်ကွယ်ရာနေရာမှ လမ်းဖြတ်ကူးခြင်းတို့ကြောင့် မလိုလားအပ်ဘဲ ယာဉ်တိုက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။

"ညအချိန်လမ်းသွားတဲ့သူဟာ သတိဝီရိယနဲ့တော့ သွားဖို့လိုတယ်။ ဝတ်ထားတဲ့အဝတ်အစားကလည်း လွယ်လွယ်ကူကူမြင်နိုင်တဲ့ ရောင်ပြန်ပါတဲ့ဟာမျိုးပဲဖြစ်ဖြစ်၊ အဖြူရောင်လိုမျိုးဖြစ်ဖြစ် ဝတ်ဆင်သွားလာသင့်တယ်။ ယာဉ်ကြောရှင်းတာပဲဆိုပြီးတော့ လက်လွတ်စပယ် လမ်းကူးတာမျိုးမလုပ်သင့်ဘူး။ ကွေ့ကြောတွေ၊ ရုတ်တရက် မမြင်နိုင်တဲ့ မမြင်ကွယ်ရာနေရာတွေကနေ ဖြစ်နိုင်ရင် လမ်းမကူးသင့်ဘူး။ မဖြစ်မနေလမ်းကူးရမယ်ဆိုလည်း ယာဉ်ရှင်း၊မရှင်းဆိုတာကို သေသေချာချာလေ့လာဂရုပြုပြီး သတိနဲ့လမ်းကူးရမယ်"ဟု ယာဉ်ထိန်းရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယခု ဩဂုတ်လအတွင်းတွင်လည်း ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အထိ စာရင်းများအရ နေ့လယ်ပိုင်းတွင် ဖြစ်ပွားသော ယာဉ်တိုက်မှုမှာ ၂၈ မှုရှိပြီး ညပိုင်းတွင် ၂၃ မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ထိုယာဉ်တိုက်မှုများတွင် မဆင်မခြင်မောင်းနှင်ခြင်းကြောင့် ဖြစ်ပွားမှုမှာ ၂၄ မှု၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်းကြောင့် ဖြစ်ပွားမှုမှာ ၁၂ မှု၊ လမ်းကူးသူ ပေါ့ဆခြင်းကြောင့် ဖြစ်ပွားမှုမှာ ခြောက်မှုစသဖြင့် ပါဝင်နေကြောင်း သိရသည်။

မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက "ကိုယ်က လမ်းကူးတော့မယ်ဆိုရင် ယာဉ်မောင်းက ကိုယ့်ကိုမြင်ရဲ့လားဆိုတာ ဂရုပြုသင့်တယ်။ တချို့လမ်းကျယ်တွေမှာဆိုရင် ယာဉ်ကြောတစ်ခုကိုကူးပြီး နောက်တစ်ကြောမရှင်းခင် အလယ်မှာရပ်နေပေမယ့် ကိုယ့်နောက်ကျောကနေ လမ်းပြောင်းပြန်ဝင်လာနိုင်တဲ့ ယာဉ်တွေကိုလည်း ဂရုပြုရမယ်။ တစ်ဖက်တည်းကိုပဲ ပုံသေကြည့်ပြီးတော့ လမ်းကူးတာမျိုးမလုပ်သင့်ဘူး။ ညအချိန် လမ်းသွားရင် ရောင်ပြန်ပါတဲ့ အဝတ်အထည်တွေ အဖြူရောင်နဲ့ တခြားအရောင်ရင့်ရင့် အဝတ်အထည်တွေကို ဝတ်ဆင်သွားလာသင့်သလို ကားလမ်းပေါ်မှာ စည်းကမ်းမဲ့သွားတာမျိုးလည်း မလုပ်သင့်ဘူး"ဟု ရှင်းပြခဲ့သည်။

**ထက်ခိုင်(စမ်းချောင်း)**

# မော်လမြိုင်၌ အထောက်ထားမဲ့နွားကောင်ရေ ၃၀ ဖမ်းမိ

**မော်လမြိုင် ဩဂုတ် ၂၉**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် မော်လမြိုင်ခရိုင် ရဲတပ် ဖွဲ့မှူး ဒုရဲမှူးကြီးသန်းတင်၏ ကြီးကြပ်မှုဖြင့် ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲခန့်က သက်သေများနှင့်အတူ မော်လမြိုင်မြို့ အောက်ကျင်းရပ် ဒိုင်းဝန်ကွင်းလမ်းမရှေ့၌ သတင်းအရ စောင့်ဆိုင်းနေစဉ် သထုံခရိုင်ဘက်မှ သံလွင်တံတား (မော်လမြိုင်)ကို ဖြတ်သန်း၍ မော်လမြိုင်မြို့သို့ စိုးမိုးထွဋ် (၃၃)နှစ်မောင်းနှင်ပြီး စောနေဝင်း (၄၈)နှစ်လိုက်ပါလာသော နစ်ဆန်း ဒီဇယ်ထရပ်အမျိုးအစား ကုန်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် အရွယ်စုံနွားကောင်ရေ ၃၀ ပါလာပြီး နွားများနှင့်ပတ်သက်၍ အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်အတွက် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ နွားများ သယ်ဆောင်လာသူ စိုးမိုးထွဋ်နှင့် စောနေဝင်းတို့အား ဒိုင်းဝန်ကွင်း ရဲစခန်းမှ (ပ) ၁၈၄/၂၀၁၄၊ အရေးကြီး ကုန်စည်ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ အရ အမှုဖွင့်ထားကြောင်း သိရသည်။

**(ဆက်နေမင်းအောင်)**

**မူးယစ်ဆေးဝါးအန္တရာယ် တစ်မျိုးသားလုံးဝိုင်းဝန်းကာကွယ်**

ဗိုက်မရစ် ဗိုက်မနာ
ဝမ်းသွားအားရချင်သလား
စုစုအေးအောင်ဝမ်းနှုတ်
အကြောပြေဆေးကိုစား။

သင့်
သွေးဖြင့်
အသက်
ကယ်ပါ












## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နိုင်ငံခြားရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးများ၏ **e-Government** လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးအားလုံး၌ e-Government စနစ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် နိုင်ငံတကာအဆင့်မီ Completed Solution များအား အသုံးပြုလိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသော ပြည်ပတွင် တရားဝင် နည်းပညာကုမ္ပဏီကျောထောက်နောက်ခံရှိသော ပြည်တွင်း IT ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လိုပါသည်။

၂။ လုပ်ငန်းလက်ခံဆောင်ရွက်လိုသော ပြည်တွင်း IT ကုမ္ပဏီများအနေဖြင့် အဆိုပြုဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား "e-Government အကောင်အထည်ဖော်ဆောင်ရေးကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်" ဟု လိပ်မူလျက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ တင်ပြရမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | သိရှိလိုက်နာဆောင်ရွက်ရမည့် အသေးစိတ်အချက်အလက်များ ထုတ်ယူနိုင်သည့်ရက် | - | ၂၈-၈-၂၀၁၄ ရက်မှ ၁၀-၉-၂၀၁၄ ရက်ထိ |
| (ခ) | တင်ဒါပိတ်မည့်နေ့ရက်၊ အချိန် | - | ၃၀-၉-၂၀၁၄ ရက်၊ ၁၂:၀၀ နာရီ |

၃။ သတ်မှတ်ထားသော တင်ဒါပိတ်မည့်နေ့ရက် အချိန်မီ တင်သွင်းနိုင်ခြင်းမရှိသော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်းနှင့် အသေးစိတ်မေးမြန်းစုံစမ်းလိုပါက e-Government အကောင်အထည်ဖော်ဆောင်ရေးကော်မတီ၊ ရုံးအမှတ်(၉)၊ တယ်လီဖုန်း ၀၆၇-၄၁၂၃၅၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**e-Government**အကောင်အထည်ဖော်ဆောင်ရေးကော်မတီ
နိုင်ငံခြားရေးဝန်ကြီးဌာန




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်မှ (၁၈)ရက်ထိ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများ စစ်ဆေးလက်ခံခြင်း၊ အခြေခံ ရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်မှ အောက်တိုဘာလ (၇)ရက်ထိ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက် ပေးမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်သားကျောက်မျက်ရတနာလုပ်ငန်းရှင်များ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ သက်တမ်းရှိ ဂျီတီစီ(GTC)လိုင်စင်ရယူထားသူများနှင့် ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည် ဖြစ်ပါသည်။

၅။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များသည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်မှ အောက်တိုဘာလ(၃)ရက်ထိ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (မန္တလေး)မြို့တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်းကော်မတီရုံးခွဲတွင်လည်းကောင်း၊ အောက်တိုဘာလ(၆)ရက်မှ (၁၃)ရက်ထိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာလုပ်ငန်း ကော်မတီရုံးတွင်လည်းကောင်း ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက် ပေးမည်ဖြစ်ပါသည်။ သတ္တုတွင်းဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း Website www. mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ On-line မှ တစ်ဆင့် လျှောက်ထားလိုပါက Website www. mge.gov.mm, On-line Pre-Registration System တွင် မှတ်ပုံတင်၍ ရောင်းချပွဲ တက်ရောက်ခွင့်ကိစ္စ ရပ်များ ဆောင်ရွက်နိုင်ပါသည်။

၆။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော် ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာ(ထက်၊ လယ်၊ မူ) ကျောင်းများတွင် ကျောင်းဆောင်(၃၃၃)ဆောင် တည်ဆောက်ခြင်းလုပ်ငန်းများအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁-၉-၂၀၁၄ ရက် နံနက် ၉:၃၀ နာရီ |
| တင်ဒါပိတ်မည့်ရက် | - | ၁၉-၉-၂၀၁၄ ရက် ညနေ ၁၆:၃၀ နာရီ |
| တင်ဒါပုံစံဝယ်ယူရန်နှင့် | - | အမှတ်(၃)အခြေခံပညာဦးစီးဌာန |
| တင်သွင်းရမည့်နေရာ | - | ရန်ကုန်မြို့။ |

၂။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)၊ အင်ဂျင်နီယာဌာန၊ ဖုန်း(၀၁-၂၁၁၃၄၄၊ ၀၁-၂၁၁၁၉၅)တို့ကို ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)

၁။ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါ အမျိုးအစားမော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Mitsubishi Rosa Mini Bus (23/25 Seater) (2004 Model)-2 Nos

၂။ တင်ဒါနောက်ဆုံးပေးသွင်းရမည့်ရက်မှာ - ၁၂-၉-၂၀၁၄ ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း(အတွင်းရေးမှူး၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ) စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၁၁၀၊ ၄၁၀၁၁၂ တွင် ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

# ချယ်လ်ဆီး၊ မန်စီးတီး၊ အာဆင်နယ်၊ လီဗာပူးနဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့်



ငွေကြယ်

၂၀၁၄-၂၀၁၅ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်ကတော့ မဲခွဲဆုံးဖြတ်ပြီးဖြစ်လို့ အုပ်စုပွဲစဉ်တွေကို စက်တင်ဘာ ၁၆၊ ၁၇ တို့မှာ စတင်ကစားတော့မှာပါ။ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ချယ်လ်ဆီးကတော့ အုပ်စု(G)မှာ ရှော်လ်ကေး၊ စပို့တင်း လစ္စဘွန်း၊ မာရီဘောတို့နဲ့ တစ်အုပ်စုတည်းကျထားပြီး အဲဒီ အုပ်စုမှာ ချယ်လ်ဆီးက အကောင်းဆုံးအသင်းပါ။

၂၀၁၁-၂၀၁၂ မှာ ချန်ပီယံလိဂ်ဖလားရတုန်းက ဘွန်ဒက်လီဂါမှာ အောင်မြင်မှုအရဆုံးဖြစ်တဲ့ ဘိုင်ယန်လိုမျိုး အသင်းကို ဗိုလ်လုပွဲမှာ ပင်နယ်တီအဆုံးအဖြတ်နဲ့ နိုင်ခဲ့တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ရာသီကတော့ ဆီမီးဖိုင်နယ်မှာ အက်သလက်တီကိုကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးပြီး ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရတယ်။ အခုနှစ်မှာတော့ အုပ်စုအဆင့်ကို အားထုတ်စရာမလိုဘဲကျော်ဖြတ်နိုင်ဖို့များနေတယ်။

ဘာကြောင့်လဲဆိုရင် အုပ်စုအဆင့်မှာ ပြိုင်ဘက်အသင်းတွေကို ကြောက်စရာမလိုဘူး။ ရှော်လ်ကေးဆိုတာကလည်း ချယ်လ်ဆီးနဲ့ ထိပ်တိုက်တွေ့ဆုံမှုလေးကြိမ်ရှိထားခဲ့ရာ သုံးကြိမ်နိုင်ပြီး တစ်ကြိမ်သရေကျထားတယ်။ စပို့တင်း လစ္စဘွန်းနဲ့ မာရီဘောဆိုတာကလည်း ချယ်လ်ဆီးအတွက် အားထုတ်ပြိုင်ရမယ့် အသင်းတွေမဟုတ်ဘူး။ ဒါကြောင့် ချယ်လ်ဆီးအနေနဲ့ ၂၀၁၁-၂၀၁၂ ရာသီကလို ချန်ပီယံလိဂ်အောင်မြင်မှုရယူဖို့ မျှော်လင့်ထားတာဖြစ်တယ်။

မန်စီးတီးကတော့ အုပ်စု(E)မှာ ဘိုင်ယန်မြူးနစ်၊ ရိုးမား၊ CSKA မော်စကိုတို့နဲ့ တစ်အုပ်စုတည်းကျထားပြီး အုပ်စုအဖွင့်မှာ ဘိုင်ယန်လိုမျိုးအသင်းကြီးကို ရင်ဆိုင်ရမယ်။ အဲဒီမှာ မန်စီးတီးရဲ့ ယခုနှစ်ချန်ပီယံလိဂ်ခြေစွမ်း ဘယ်လောက်ရှိတယ်ဆိုတာ သုံးသပ်လို့ရမယ်။ ရိုးမားနဲ့ CSKAမော်စကိုတို့ဟာလည်း အသင်းကောင်းတွေဖြစ်လို့ မန်စီးတီးအတွက်တော့ အုပ်စုအဆင့်ကို အကြိတ်အနယ်ကစားကာ အားထုတ်ပါမှ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်မှာပါ။

အာဆင်နယ်ကတော့ အုပ်စု(D)မှာ ဒေါ့မွန်၊ ဂါလာတာစာရေး၊ အန်ဒါလက်ချ်စတဲ့ အသင်းတွေနဲ့ တစ်အုပ်စုတည်းကျနေပြီး ဒေါ့မွန်နဲ့ ဂါလာတာစာရေးကတော့ အာဆင်နယ်အတွက် သူနိုင်ကိုယ်နိုင် အပြိုင်ရုန်းကန်ရမယ့် ပြိုင်ဘက်အသင်းတွေလည်းဖြစ်တယ်။ အာဆင်နယ်နဲ့ ဒေါ့မွန်တို့ဟာ ပြီးခဲ့တဲ့ ရာသီကလည်း ထိပ်တိုက်တွေ့ဆုံမှုရှိခဲ့တဲ့အသင်းနှစ်သင်းဖြစ်ပြီး ဒီနှစ်သင်းဟာ ချန်ပီယံလိဂ်ထိပ်တိုက်တွေ့ဆုံမှု ခြောက်ကြိမ်ရှိခဲ့ရာမှာ အာဆင်နယ်က သုံးကြိမ်နိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေလဒ်ထွက်ပေါ်ထားတယ်။ ဂါလာတာစာရေးနဲ့ တစ်ကြိမ်ထိပ်တိုက်ဆုံတွေ့ခဲ့ရာမှာတော့ ရှုံးပွဲကြုံခဲ့ပြီး အန်ဒါလက်ချ်နဲ့ တစ်ကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့ရာမှာတော့ အာဆင်နယ်တို့ အနိုင်ရလဒ် ဆောင်ကြဉ်းထားနိုင်ခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အာဆင်နယ်အနေနဲ့ အုပ်စုအဆင့်ကျော်ဖြတ်နိုင်ဖို့ ကြိုးစားရဦးမှာဖြစ်ပြီး ယခင်နှစ်များကလို အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်မလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။

လီဗာပူးကတော့ အုပ်စု(B)မှာ ချန်ပီယံလိဂ်ဖလားကို ၁၀ ကြိမ်အထိ ရရှိထားတဲ့ ရီးယဲလ်မက်ဒရစ်အပါအဝင် ဘေဆယ်၊ လူဂိုဒိုရက်တို့နဲ့ တစ်အုပ်စုတည်းကျရောက်ထားပြီး အုပ်စုဒုတိယနေရာနဲ့ နောက်တစ်ဆင့်တက်လှမ်းနိုင်ဖို့ဆိုရင် အကြိတ်အနယ်ကစားရမှာပါ။ ဘာလို့လဲဆိုရင် ရီးယဲလ်မက်ဒရစ်မှာ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်၊ ဂျိမ်းရိုဒရီဂွက်ဇ်စတဲ့ ကစားသမားကောင်းတွေရှိနေတာကို သတိပြုရမယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်နဲ့ ယခင်က ထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်ရှိခဲ့ရာမှာတော့ သုံးကြိမ်စလုံးအနိုင်ရထားခဲ့တယ်။ ဘေဆယ်နဲ့ ထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်ရှိခဲ့ရာမှာတော့ နှစ်ကြိမ်စလုံးရှုံးထားတယ်။ လူဂိုဒိုရက်ကတော့ အခုတစ်ကြိမ်ဟာ ချန်ပီယံလိဂ်ကို ပထမဆုံးဝင်ခွင့်ရခဲ့တဲ့အသင်းဖြစ်တဲ့အတွက် လီဗာပူးအတွက် အားထုတ်စရာမလိုလောက်တဲ့အသင်းလို့ သတ်မှတ်နိုင်တယ်။ မည်သို့ဆိုစေ အုပ်စုအဆင့်ကျော်ဖြတ်နိုင်ဖို့ဆိုရင်တော့ ပြိုင်ဘက်တိုင်းကို လျှော့တွက်မရဘူး။ နိဂုံးချုပ်ရရင် ချယ်လ်ဆီးနဲ့ လီဗာပူးအတွက် ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်ဖို့အလားအလာရှိပေမယ့် မန်စီးတီးနဲ့ အာဆင်နယ်ကတော့ နောက်တစ်ဆင့်တက်ဖို့ ခက်ခက်ခဲခဲယှဉ်ပြိုင်ရလိမ့်မယ်။

## ပရီမီယာလိဂ် ရင်ခုန်သံ – ၃

**ပရီမီယာလိဂ်ပွဲစဉ်-၃ ကို ဩဂုတ် ၃၀၊ ၃၁ ရက်နေ့တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ အဆိုပါပွဲစဉ်မှာ စပါးစ်နဲ့ လီဗာပူးတို့ ဆုံတွေ့တဲ့ပွဲပါဝင်နေတဲ့အပြင် ပွဲစဉ်-၂ တုန်းက အဲဗာတန်ကို အနိုင်မရခဲ့တဲ့ အာဆင်နယ်အနေနဲ့ နိုင်ပွဲရယူသွားနိုင်မလားဆိုတာကို စိတ်ဝင်တစား စောင့်ကြည့်သွားရဖို့ရှိတယ်။**

### ဘန်လေ - မန်ယူ ည ၆း၁၅ (၃၀-၈-၁၄)

အခုအချိန်အထိ မန်ယူဟာ ဗန်ဟားလ်ရဲ့ ဗျူဟာနဲ့ အသားကျခြင်းမရှိသေးဘူး။ အထူးသဖြင့် မန်ယူရဲ့ သုံးယောက်တန်း ခံစစ်ဇုန်ဟာ သာမန်တိုက်စစ်အင်အားမျိုးကိုတောင် ခက်ခက်ခဲခဲ ထိန်းနေရတယ်။ ဘန်လေက အမှတ်ရအောင် အိမ်ကွင်းအားနဲ့ တုံ့ပြန်ကစားသွားမှာဆိုတော့ မန်ယူဒီပွဲမှာ ရုန်းကန်ရမယ့်သဘောရှိတယ်။

### မန်စီးတီး - စတုတ် ည ၈း၃၀ (၃၀-၈-၁၄)

စတုတ်ရဲ့ အဓိကအားနည်းမှုက တိုက်စစ်ပိုင်းပဲ။ အသင်းလိုက်ကစားပုံမာကျောပေမယ့် တိုက်စစ်က အားနည်းမှုရှိနေလို့ မန်စီးတီးကို တုံ့ပြန်ဖို့ခက်မယ်။ မန်စီးတီးက အိမ်ကွင်းလည်းဖြစ်နေတော့ ဒီလိုပွဲမျိုးကို အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ဘူး။ မန်စီးတီးရဲ့ အိမ်ကွင်းရလဒ်တည်ငြိမ်မှုကို သတိပြုဖို့လိုတယ်။

### နယူးကာဆယ် - ပဲလေ့စ် ည ၈း၃၀ (၃၀-၈-၁၄)

နယူးကာဆယ်ဟာ အခုအချိန်အထိ နိုင်ပွဲမရသေးဘူး။ အထူးသဖြင့် ကစားခဲ့သမျှ နှစ်ပွဲမှာ ဂိုးသွင်းနိုင်ခြင်း မရှိခဲ့တဲ့ တိုက်စစ်က အားလျော့မှုများ လွှမ်းနေတာတွေ့ရတယ်။ ဒါပေမယ့် နှစ်ပွဲဆက်ရှုံးထားတဲ့ ပဲလေ့စ်ဟာလည်း အခုအထိ အထိုင်မကျသေးဘူး။ ဒါကြောင့် ဒီပွဲမှာတော့ နယူးကာဆယ်ရဲ့ အိမ်ကွင်းအားကို သတိပြုရမယ်။

### ကျူပီအာ - ဆန်းဒါးလန်း ည ၈း၃၀(၃၀-၈-၁၄)

နှစ်ပွဲစလုံး ရှုံးထားတဲ့အတွက် ကျူပီအာအနေနဲ့ အမှတ်ရအောင် အားစိုက်ကစားဖို့ရှိပေမယ့် အသင်းဟာ ဟန်တစ်ခုမတည်ဆောက်နိုင်သေးတာကို သတိပြုရမယ်။ ဆန်းဒါးလန်းက အသင်းလိုက်ကစားအားမှာ ကျူပီအာထက်ပိုပြီး တည်ငြိမ်မှုရှိတယ်။ ဒါပေမယ့် ဆန်းဒါးလန်းကလည်း အဝေးကွင်းအားနည်းတတ်တာကို မေ့လို့မဖြစ်ဘူး။

### ဆွမ်ဆီး - ဝက်စ်ဘရွမ်း ည ၈း၃၀ (၃၀-၈-၁၄)

ဆွမ်ဆီးက နှစ်ပွဲဆက်နိုင်တယ်။ ကစားပုံက အကောင်းဆုံးမဟုတ်ပေမယ့် အခွင့်အရေးကို အသုံးချနိုင်မှုရှိတယ်။ ဝက်စ်ဘရွမ်းရဲ့ အားနည်းမှုကတော့ ခံစစ်ပဲ။ ဒါ့အပြင် အဝေးကွင်းမှာလည်း ကစားပုံအားနည်းတတ်တယ်။ ဒါပေမယ့် ဝက်စ်ဘရွမ်းဟာ ထိုးဖောက်ကစားပုံကောင်းတာကို သတိပြုရမယ်။ ခြေမကွာတာနဲ့ ချင့်ချိန်ဖို့လိုတယ်။

### ဝက်စ်ဟမ်း - ဆောက်သမ်တန် ည ၈း၃၀ (၃၀-၈-၁၄)

ဝက်စ်ဟမ်းက ခြေမငြိမ်ဘူး။ ဒါပေမယ့် အိမ်ကွင်းမှာတော့ အမှားခံမှာမဟုတ်သလို အမှတ်ရအောင်ခြေကုန်ထုတ်မှာ သေချာပါတယ်။ ဆောက်သမ်တန်က အသင်းလိုက်ကစားပုံ ဟန်ချက်မမိနိုင်ဖို့ ရုန်းကန်နေရသလို တိုက်စစ်ကလည်း ဂိုးတစ်ဂိုးရအောင် ခက်ခက်ခဲခဲ ရုန်းကန်နေရတယ်။ ဒါ့အပြင် ဆောက်သမ်တန်ဟာ အဝေးကွင်းမှာ ပိုပြီးအားပျော့တတ်လို့ ဝက်စ်ဟမ်းရဲ့ အိမ်ကွင်းအားနဲ့ ချင့်ချိန်ရမယ်။

### အဲဗာတန် - ချဲလ်ဆီး ည ၁၁း၀၀(၃၀-၈-၁၄)

အဲဗာတန်ခြေ လျှော့တွက်ဖို့ခက်တယ်။ ချဲလ်ဆီးက ကော်စတာဂိုးသွင်းခြေရနေမှု၊ ဖာဘရီဂတ်စ်ခြေစွမ်းပြနေမှုတွေနဲ့အတူ နိုင်ပွဲတွေရနေပေမယ့် အဲဗာတန်က နိုင်ပွဲလုံးဝမရသေးဘူး။ ဒါ့ကြောင့် အဲဗာတန်သာ အိမ်ကွင်းမှာ အနိုင်ရဖို့ အားစိုက်လာရင် မထင်မှတ်ဘဲ ချဲလ်ဆီးရုန်းကန်ရနိုင်တာနဲ့ ချင့်ချိန်ဖို့ လိုတယ်။

### ဗီလာ - ဟားလ် ည ၇း၀၀(၃၁-၈-၁၄)

ဟားလ်က ယူရိုပါလိဂ်ခြေစစ်ပွဲကစားခဲ့ရလို့ ပွဲပန်းနိုင်တယ်။ ပြီးတော့ လက်ရှိအခြေအနေမှာလည်း ခြေစွမ်းက အကောင်းဆုံးပုံစံမှာ မရှိဘူး။ ဗီလာက လက်ရှိအချိန်မှာ ကစားပုံမဆိုးဘူး။ အထူးသဖြင့် နှစ်ပွဲဆက်ဂိုးမပေးရတဲ့ ဗီလာခံစစ်က အားကောင်းမှုရှိပြီး တစ်ပွဲမှာ တစ်ဂိုးထက် ပိုမသွင်းနိုင်သေးတဲ့ ဟားလ်တိုက်စစ်နဲ့ ချင့်ချိန်ဖို့ လိုတယ်။

### စပါးစ် - လီဗာပူး ည ၇း၀၀(၃၁-၈-၁၄)

စပါးစ်က ပိုချက်တီနိုလက်ထက်မှာ ကစားပုံမဆိုးဘူး။ ကျူပီအာကို လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တယ်။ တစ်ပွဲထက်တစ်ပွဲလည်း ခြေပိုကောင်းလာတယ်။ ဒါပေမယ့် ယူရိုပါလိဂ်ကြောင့် ပွဲပန်းမှုအနည်းငယ်ရှိလာနိုင်တာကိုတော့ သတိပြုရမယ်။ လီဗာပူးကလည်း ရှုံးပွဲမကြုံအောင် ကြိုးစားမှာဖြစ်တဲ့အတွက် အားမျှမှုရှိနေတာနဲ့ ချင့်ချိန်ဖို့လိုတယ်။

### လက်စတာ - အာဆင်နယ် ည ၉း၃၀(၃၁-၈-၁၄)

အာဆင်နယ်နိုင်ပွဲပြန်ရှာမှာပါ။ ဒါပေမယ့် ဆန်းချက်ဇ်အထိုင်မကျသေးမှုကြောင့် တိုက်စစ်ပိုင်းက ရုန်းကန်နေရတာကို သတိပြုနိုင်ဖို့လိုသလို ချန်ပီယံလိဂ်ခြေစစ်ပွဲကြောင့်လည်း ပွဲပန်းလာနိုင်တယ် လက်စတာက နိုင်ပွဲမရသေးလို့ အိမ်ကွင်းမှာ အားစိုက်လာဖို့ရှိတာကြောင့် အာဆင်နယ်အခက်တွေ့နိုင်တာနဲ့ သတိပြုရမယ်။


ရှိုင်းမင်းမင်း







**ဖခင်အမည်မှန်**

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ အထက(၂) ဒသမတန်းမှ မဝေဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင် ရွှေ[၁၄/ကလန(နိုင်)၀၁၂၅၂၁]ဖြစ်ပါကြောင်း။ ဦးခင်မောင်ရွှေ







# Myanma Posts & Telecommunications

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ SIM ကတ်များကို နိုင်ငံတစ်ဝန်းရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာလ (၁)ရက်နေ့မှ စတင်၍ ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိတ်ဆွေပြည်သူများအား SIM ကတ်များ ပိုမိုလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တန်ဖိုးနည်း SIM ကတ်များကို နိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ လက်လီအရောင်းဆိုင်များတွင် စက်တင်ဘာလ (၁)ရက်နေ့မှ စတင်၍ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချပေးမည်ဖြစ်ပါသည်။ SIM ကတ်များကိုလစဉ်လတိုင်း ဝယ်ယူရရှိနိုင်ရေးနှင့် နိုင်ငံအနှံ့ရှိ မြို့များနှင့် မြို့နယ်တိုင်းတွင် ရရှိနိုင်ရေး ဆက်လက် စီစဉ် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

| ပြည်နယ်/တိုင်း | မြို့နယ်များ |
|---|---|
| နေပြည်တော် | [illegible] |
| ကချင် | [illegible] |
| ကယား | လွိုင်ကော် |
| ကရင် | [illegible] |
| ချင်း | [illegible] |
| စစ်ကိုင်း | [illegible] |
| တနင်္သာရီ | [illegible] |
| ပဲခူး | [illegible] |
| မကွေး | [illegible] |
| မန္တလေး | [illegible] |

| ပြည်နယ်/တိုင်း | မြို့နယ်များ |
|---|---|
| မွန် | [illegible] |
| ရခိုင် | [illegible] |
| ရန်ကုန် | [illegible] |
| ရှမ်း | [illegible] |
| ဧရာဝတီ | [illegible] |

**အသေးစိတ်သိလိုပါက ဖုန်းနံပါတ် "၁၀၆" သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။**

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## မြင်းခြံမြို့နယ်အတွင်းရှိ စံပြချက်ညီကျေးရွာ စာကြည့်တိုက်များတွင် စာအုပ်များလှူဒါန်း

**မြင်းခြံ၊ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများသည် မြင်းခြံမြို့နယ်အတွင်းရှိ စံပြချက်ညီ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်လှူဒါန်းပွဲ အခမ်းအနားကိုဩဂုတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီက မြင်းခြံမြို့ လေးအိမ်တန်းကျေးရွာ ဘုန်းမြတ်ရွှေစင် စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဦးစီး အရာရှိ ဒေါ်နှင်းရည်ကစာအုပ်စာစောင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဦးစီးမှူး ဦးဇော်မင်းက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် ရှေ့လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး သုတရသ စာအုပ်စာစောင် ၃၀၀ ကို ခရိုင်ဦးစီးအရာရှိ ဒေါ်နှင်းရည်က ပေးအပ်လှူဒါန်းပြီး ဘုန်းမြတ်ရွှေစင် စာကြည့်တိုက်မှူး ကိုယ်စား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထူးက လက်ခံရယူခဲ့သည်။

**ဇော်မင်း(ပြန်ဆက်)**

# တောင်တွင်းကြီး-မင်းလှ RBE ရထားခရီးစဉ် ခရီးသည်များ လိုက်ပါစီးနင်းမှု ပိုမိုများပြားလာ



**တောင်တွင်းကြီး၊ ဩဂုတ် ၂၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာနေ အခြေခံလူတန်းစားများ စရိတ်စကနည်းပါးစွာဖြင့်လွယ်ကူစွာ သွားလာနိုင်ရေးအတွက် ရည်ရွယ်ကာ ပြီးခဲ့သည့်ဇူလိုင် ၂၇ ရက်မှစတင်၍ တောင်တွင်းကြီး-မိကျောင်းရဲ-မလွန်-မင်းလှ RBE ရထားခရီးစဉ်အား ပြန်လည်ပြေးဆွဲပေးခဲ့သည်။

ယခုအခါ အမှတ် (၁၉၁) အဆန်ထက် တစ်နာရီခန့်ပိုမိုစောကာ ပြေးဆွဲပေးနိုင်သဖြင့် ရွာတော်လမ်းပေါင်းဆုံမှ တောင်တွင်းကြီး ဘူတာထိ လိုက်ပါစီးနင်းကြသော ခရီးသည်များ ပိုမိုလိုက်ပါစီးနင်းလာကြကြောင်း သိရသည်။

တောင်တွင်းကြီး-မိကျောင်းရဲ-မလွန်-မင်းလှ RBE ရထားသည်ဧရာဝတီမြစ်၏အရှေ့ဘက်ခြမ်းရှိ မကွေးခရိုင် တောင်တွင်းကြီးမြို့နှင့် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ သရက်ခရိုင် မလွန်-မင်းလှဒေသတို့ကို ဧရာဝတီတံတား(မလွန်)ဖောက်လုပ်ပြီးနောက် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကားလမ်း၊ ရထားလမ်းနှစ်ခုစလုံး အသုံးပြုပြေးဆွဲပေးခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထား၊ တိုင်းအမှတ်(၁၁) တောင်တွင်းကြီးမှ ဒုကြီးကြပ်ရေးမှူး (သွား/လာ)ဦးဝဏ္ဏထွန်းက ပြောကြားခဲ့သည်။

လောလောဆယ်အနေအထားအရ ပြေးဆွဲပေးနေသော တောင်တွင်းကြီး-မိကျောင်းရဲ-မလွန်-မင်းလှ RBE ရထား၏ ရပ်တန့်ဘူတာ ခရီးစဉ်များအရ တောင်တွင်းကြီး၊ ဗိဿနိုး၊ ယင်းသာစည်၊ ထန်းပင်စမ်း၊ ရွာတော်လမ်းပေါင်း၊ မိကျောင်းရဲ၊ မလွန်လမ်းပေါင်း၊ မလွန်၊ မင်းလှ ရုံပိုင် ဘူတာကိုးခုနှင့် ဟက်ရော်၊ လက်ပံရှည်၊ ပျားတုံ၊ မြင်စိုင်း၊ ကန်နီလေး၊ ထည်ပင်ကန်၊ ရုံးကုန်းတို့ဖြင့် ရပ်စခန်း ဘူတာ ခုနစ်ခုရှိနေရာ စုစုပေါင်းခရီးစဉ်ဘူတာ ၁၆ ခုအား ဖြတ်သန်းပြေးဆွဲပေးနေကြောင်း ခရီးစဉ်ဘူတာစာရင်းများအရ သိရသည်။

တောင်တွင်းကြီး ဘူတာမှ မွန်းလွဲ ၁ နာရီထွက်ခွာသော အမှတ် ၁၉၃ အဆန်ရထားသည် မင်းလှဘူတာသို့ညနေ ၄ နာရီခွဲတွင် ဆိုက်ရောက်ပြီး မင်းလှဘူတာမှ နံနက် ၇ နာရီ ပြန်လည်ထွက်ခွာသော အမှတ် ၁၉၄ အစုန်ရထားသည် တောင်တွင်းကြီးဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိရာ ခရီးစဉ်အကွာအဝေးအရ စုစုပေါင်း သုံးနာရီခွဲသာကြာမြင့်ကြောင်း သိရသည်။

ထို့အပြင် တောင်တွင်းကြီး-မိကျောင်းရဲ-မလွန်-မင်းလှ RBE ရထားအား ခရီးစဉ်ဘူတာများအလိုက် လက်မှတ်များအား အကွာအဝေးအလိုက် သင့်တင့်လျောက်ပတ်သောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိရာ တောင်တွင်းကြီးဘူတာမှ မင်းလှဘူတာအထိ တစ်ဦးလျှင် ငွေကျပ် ၅၀၀၊ တောင်တွင်းကြီးဘူတာမှ မလွန်နှင့် မိကျောင်းရဲဘူတာအထိတစ်ဦးလျှင် ငွေကျပ် ၄၀၀ ကျပ်၊ တောင်တွင်းကြီးဘူတာမှ ရုံးကုန်း၊ ထည်ပင်ကန်၊ ကန်နီလေး၊ ထန်းပင်စမ်း၊ ရွာတော်လမ်းပေါင်းဘူတာအထိ တစ်ဦးလျှင် ငွေကျပ် ၃၀၀၊ တောင်တွင်းကြီးဘူတာမှ မြင်စိုင်း၊ ပျားတုံ၊ ယင်းသာစည်ဘူတာအထိ တစ်ဦးလျှင် ငွေကျပ် ၂၀၀ နှင့် တောင်တွင်းကြီးဘူတာမှ ဗိဿနိုး၊ လက်ပံရှည်၊ ဟက်ရော်ဘူတာအထိ တစ်ဦးလျှင် ငွေကျပ် ၁၀၀ တို့ဖြင့် အသီးသီးရောင်းချပေးလျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် မေ ၁၅ ရက်က စတင်ပြေးဆွဲပေးခဲ့ပြီး ဩဂုတ် ၄ ရက်တွင် ခရီးစဉ်အသွားအပြန် ဆီဖိုးကုန်ကျငွေနှင့် ခရီးသည်လိုက်ပါစီးနင်းငွေ မကာမိသဖြင့် အရှုံးပေါ် ရပ်ဆိုင်းခဲ့ရကြောင်းသိရသည်။

မလွန်-မင်းလှဒေသအတွင်း၌ အကြီးစားစက်မှု(၁)မှစက်ရုံဝန်ထမ်းများမှာ ရုံးပိတ်ရက်မှအပ ခရီးသွားလာမှုမရှိခြင်း၊ ဒေသအတွင်းရေနံမှော်များ၌သာ လုပ်ကိုင်နေထိုင်ကြခြင်း၊ ဒေသအတွင်း ကူးသန်းသွားလာမှု နည်းပါးခြင်း၊ အဓိကအနေဖြင့် မလွန်-မင်းလှဒေသမှ အများဆုံးလိုက်ပါစီးနင်းသည့် ခရီးသည်များမှာ မင်းဘူးဘက်မှ မကွေးသို့သာ သွားလာမှုများပြားခြင်း၊ မလွန်ဒေသအနီးတစ်ဝိုက်မှ ကုန်စိမ်းပေါသော တောင်တွင်းကြီးသို့ ဈေးရောင်း၊ ဈေးဝယ်သူများနှင့် ရုံးပိတ်ရက်သွားလာကြခြင်း၊ မိကျောင်းရဲဒေသမှ တောင်တွင်းကြီးနှင့် ယင်းသာစည်အုပ်စုကြား ကျောင်းသွား၊ ကျောင်းပြန် ဆရာ၊ ဆရာများ၊ ရုံးတက်ရုံးဆင်းကြသော ဝန်ထမ်းများမှာ တောင်တွင်းကြီးသို့ ဈေးဝယ်ကြရန်အတွက် လိုက်ပါစီးနင်းကြကြောင်း၊ ယခုအခါ ခရီးစဉ်အစအဆုံး ပုံမှန်လိုက်ပါစီးနင်းသူဦးရေ ၈၀ နှင့် ၁၀၀ ကြားရှိနေကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။

**စိုးဝင်း(MLA)**

# ကနီမြို့တွင် သမဝါယမအသင်း လုပ်ငန်းခွင်ကျွမ်းကျင်မှု မွမ်းမံသင်တန်းဖွင့်

**ကနီ၊ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့တွင် သမဝါယမအသင်း အမှုဆောင်များ လုပ်ငန်းခွင်ကျွမ်းကျင်မှု မွမ်းမံသင်တန်းကို မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းက ယနေ့ခေတ် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုမှာ သမဝါယမသည် အရေးပါသလို နိုင်ငံတော်အစိုးရသစ်လက်ထက် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင်လည်း သမဝါယမအသင်းများ၏ လှုပ်ရှားမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ပြောသည်။

ထို့ပြင် ၎င်းကဆက်လက်ပြီး သမဝါယမလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမစီးပွားရေးပညာရှင်များကိုလည်း မွေးထုတ်ပေးလျက်ရှိရာ အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန် သမတက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ထားပြီး ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်းနှင့် သင်တန်းသားများအနေဖြင့် သင်တန်းမှ လုပ်ငန်းများ ပိုင်နိုင်ကျွမ်းကျင်စွာတတ်မြောက်အောင် လေ့လာသွားကြစေလိုကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်မူမူနွဲ့မှ မိမိတို့ ဝန်ကြီးဌာန၏ ဦးတည်ချက်နှင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသာမက အသင်းများတွင် စာရင်းဇယားများမှန်ကန်စွာ ထားရှိဆောင်ရွက်နိုင်ရန်၊ စာရင်းကိုင်ခြင်းနှင့် မိမိတို့အသင်း၏စာရင်းများကို ကိုယ်တိုင်စစ်ဆေးနိုင်စေရန် အဓိကရည်ရွယ်၍ သမဝါယမအမှုဆောင်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။


အဆိုပါသင်တန်းတွင် မြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုခုနစ်အုပ်စုတို့မှ အသင်းအမှုဆောင် ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အထောက်အကူပြု ကော်မတီများ၊ မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌနှင့် သမဝါယမဝန်ထမ်းများတက်ရောက်ကြကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**







**မသင်းသင်း**

အိမ်ခြံမြေ အကျိုးဆောင် မုဒိတာ (၁) သမိုင်း၊ မုဒိတာ(၂) အင်းစိန် ဝယ်လိုသည်၊ ရောင်းလိုသည်။

ဖုန်း-၀၉-၄၂၁၁၀၂၁၃၈၊ ၀၉-၄၂၀၂၈၇၃၈၅

**CNG (TAXI)**

**ရောင်းမည်**

ALLION 2002 65 Lit

သိန်း-၁၉၀

၀၉-၄၃၀၃၀၃၂၁၊ ၀၉-၉၇၄၀၀၀၉၇၉

**ဦးမျိုးညွန့်[၁၂/လမန(နိုင်)၁၂၆၇၀၅]နှင့် အများသိစေရန်ကြေညာခြင်း**

လူကြီးမင်းအနေဖြင့် ကျောက်စိမ်းလုပ်ငန်းကိစ္စအတွက် ငွေကျပ်သိန်း(၄၀၀)ကို ၇-၄-၂၀၁၂ရက်တွင်လည်းကောင်း၊ ဘီယာဆိုင်ဖွင့်လှစ်ရန်အတွက် ငွေကျပ်သိန်း(၃၀၀)ကို ၉-၅-၂၀၁၃ရက်တွင်လည်းကောင်း ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း သက်သေများရှေ့၌ ကတိပြုပြီး ကျွန်ုပ်၏မိတ်ဆွေထံမှ ငွေကြေးအကူအညီတောင်းခံယူခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ သက်သေများရှေ့တွင် လူကြီးမင်းထံ စုစုပေါင်းငွေကျပ် သိန်း(၇၀၀)တိတိကို အကူအညီပေးအပ်ခဲ့သော်လည်း လူကြီးမင်းအနေဖြင့် ကတိပြုထားသည့်အတိုင်း ပြန်လည်ပေးဆပ်ခြင်းမရှိ၍ လူကြီးမင်းထံ ၁၆-၇-၂၀၁၄ရက်စွဲပါ အကြောင်းကြားစာပေးပို့ခဲ့ရာ လိပ်စာရှင်ခရီးသွားမှတ်ချက်ဖြင့် စာတိုက်မှ အကြောင်းကြားစာပြန်လည်ရောက်ရှိလာသဖြင့် ယခုသတင်းစာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း ဆက်သွယ်၍ ကျွန်ုပ်၏မိတ်ဆွေထံ လူကြီးမင်းပေးဆပ်ရန်ရှိသည့် ငွေကျပ်သိန်း၇၀၀တိတိကို အပြည့်အဝတစ်လုံးတစ်ခဲတည်း အပြေအကျေပေးဆပ်ပါရန်နှင့် သတ်မှတ်ထားသည့် (၁၄)ရက်အတွင်း ထိုသို့ ပေးဆပ်ရန်ပျက်ကွက်ပါက လူကြီးမင်းအပေါ် ဥပဒေနှင့်အညီ နစ်နာကြေးနှင့်တကွ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကုန်ကျမည့်တရားစရိတ်အဝဝသည် လူကြီးမင်း၏တာဝန်သာဖြစ်ကြောင်း လူကြီးမင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးငြိမ်းမောင်
မောင်ထွန်း


ဦးငြိမ်းမောင်မောင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝေလင်းဌေး(**LL.B,D.I.L**)တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၁၈)
အမှတ်-၅၆၁၊ပထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၉၃၁၆၈၈၉

**တိုက်ခန်းရောင်းမည်**

လှိုင်၊ သုခလမ်း(အင်းစိန်လမ်းမနီး)၊ ၄၇ပေ×၃၀ပေ (၁၄၀၀)ကျော်စတုရန်းပေ၊ ၄လွှာ၊ 1MBR, 1BR (3)AC ရေပူရေအေး၊ ကိုယ်ပိုင်ရေမီးစုံ၊ ဘေးလှေကားကျယ် ဆန်းရှိတ်သံပန်းဆေး ပြင်ဆင်ပြီး (ကုမ္ပဏီရုံးခန်း/လူနေ)သင့်လျော်၊ တိုက်သစ် သက်တမ်း(၁)နှစ်။

သိန်း(၁၃၀၀)ညှိနှိုင်း

ဖုန်း-၀၉-၂၅၄၂၉၀၅၅၁၊ ၀၁-၄၃၀၇၂၆



# ငါန်းဇွန်တွင် မိုးရာသီ ဘဏ်ချေးငွေများထုတ်ချေး

**ငါန်းဇွန်၊ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်တွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစားသုံးမှုတိုးတက်မြင့်မားရေးတို့အတွက် မြို့နယ်မြန်မာ့ဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို တိုင်းဒေသကြီးဘဏ်ခွဲ၊ ခရိုင်ဘဏ်ခွဲနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ အနီးကပ်ကြီးကြပ်မှုကိုခံယူလျက် ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီက ဆင်ဖြူကုန်းကျေးရွာအုပ်စုနှင့် အမှတ်(၁)ရပ်ကွက်တွင်ကျင်းပခဲ့သည်။

အဆိုပါချေးငွေများမထုတ်ချေးမီ မြို့နယ်မန်နေဂျာ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများက ငွေလာရောက်ထုတ်ချေးသူတောင်သူများနှင့် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဘဏ်ချေးငွေမူစနစ်များအတိုင်း အတိုးနှုန်း ချေးငွေ ပြန်လည်ပေးဆပ်ရမည့်ကာလ စသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆင်ဖြူကုန်းကျေးရွာအုပ်စုမှ တောင်သူလယ်သမား ၁၈၁ ဦးကို စပါးစိုက်ဧက ၁၀၀ နှင့် အခြားသီးနှံ ၂၃၆ ဧကအတွက် ချေးငွေ ၁၄၇၂၀၀၀၀၊ ငါန်းဇွန်မြို့ အမှတ်(၁)ရပ်ကွက်မှ တောင်သူလယ်သမား ၄၇ ဦးကို စပါးစိုက်ဧက ၅၆ ဧကနှင့် အခြားစိုက်ဧက ၁၃၄ တို့အတွက် ချေးငွေကျပ် ၈၂၈၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ဟားခါးမြို့တွင် မူးယစ်သောက်စား မောင်းနှင်ခြင်းကြောင့် ယာဉ်တိုက်မှုများပိုမိုဖြစ်ပွား



**ဟားခါး၊ ဩဂုတ် ၂၉**

ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိသောကြောင့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ စစ်ဆေးချက်များအရ အဓိကအားဖြင့် မူးယစ်သောက်စားပြီး မောင်းနှင်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်ကြီး၊ ယာဉ်ငယ်၊ မော်တော်ဆိုင်ကယ်ယာဉ်များ မတော်တဆဖြစ်ပွားမှုများ နည်းပါးပပျောက်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးလေးမြင့်နှင့်အဖွဲ့ ဦးဆောင်လျက် ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် ပူးပေါင်းကာ ဩဂုတ် ၂၇ ရက် နံနက် ၁၀ နာရီမှ စတင်၍ မော်တော်ဆိုင်ကယ်ဦးထုပ်ဆောင်းထားခြင်း မရှိသူများ၊ ယာဉ်ကြီး၊ ယာဉ်ငယ်၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူများအား အရက်သေစာများ သောက်စားမူးယစ်ခြင်းရှိ-မရှိ အရက်မူးတိုင်းကိရိယာများဖြင့် လမ်းဆုံနေရာများ၌ တိုင်းတာစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**

# ရေဦးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် အခမဲ့ဆောင်ရွက်

**ရေဦး၊ ဩဂုတ် ၂၉**

နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားကိုယ်စီလက်ဝယ်ကိုင်ဆောင်နိုင်ရေး မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့် ရွှေဘိုခရိုင် ရေဦးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦး၏ အနီးကပ်လမ်းညွှန်ကြီးကြပ်မှုနှင့်အတူ ဝန်ထမ်းများမှ ရပ်ကွက်ကျေးရွာများသို့ အဖွဲ့ငါးဖွဲ့ခွဲကာ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေဦးမြို့နယ်တွင် ရပ်ကွက် ၅ ခုနှင့်ကျေးရွာအုပ်စု ၆၂ အုပ်စုရှိအသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံမိဘပြည်သူများ နိုင်ငံသားစိစစ်ရေးကတ် ကိုယ်စီကိုင်ဆောင်နိုင်ရေး အခမဲ့ပြုလုပ်ပေးခြင်းအပြင် အိမ်ထောင်စုစာရင်းဇယားများကိုပါ တစ်ဆက်တည်းပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

ထိုသို့မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရာတွင်ကုန်ကျသည့် သွေးစစ်ခ၊ မိတ္တူကူးခ၊ ဓာတ်ပုံကူးခတို့အတွက် High Land Road ကုမ္ပဏီမှ ပံ့ပိုးကူညီထောက်ပံ့ပေးကြောင်းသိရသည်။

**သန်းထိုက်(ရေဦး)**

# အမျိုးသားစာပေဆုရှင်မှ အနာဂတ်အလင်းစာချစ်သူများသို့ နံရံကပ်စာပေရေချမ်းစင် လှူဒါန်း

**ရန်ကုန်၊ ဩဂုတ် ၂၉**

တွံတေးမြို့နယ်မှ အမျိုးသားစာပေဆုရှင် ဆရာမင်းသျှင်အောင်က အနာဂတ်အလင်းစာပေချစ်သူများသို့ နံရံကပ်စာပေရေချမ်းစင် ဘာသာရပ် ၁၃ မျိုးအား ဩဂုတ် ၂၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

စာပေချစ်မြတ်နိုးသော လူငယ်များမှ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ကွမ်းခြံအနောက်ပိုင်း ဗိုလ်ချုပ်လမ်းမပေါ်တွင် စာချစ်သူများဦးစီး၍ ပြည်သူအများ စာဖတ်ခြင်းဖြင့် စာပေဗဟုသုတရရှိစေရန် ရည်ရွယ်၍ အနာဂတ်အလင်း စာပေရေးချမ်းစင်ကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါရေချမ်းစင်ကို ကိုအောင်နိုင်၊ ကိုနေလင်း၊ ကိုဘားမား၊ ကိုမျိုးမင်းထိုက်တို့က ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ထိုသို့ဖွင့်လှစ်ခဲ့ရာတွင် ယခုအခါ သုတ၊ ရသ စာအုပ် ၁၅၀၀ ကျော်နှင့် နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များဖြင့် ပြည်သူများဖတ်ရှုနိုင်စေရန် နံနက် ၇ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီအနာဂတ်အလင်းဆိုတဲ့ စာပေရေချမ်းစင်ကို သူငယ်ချင်းလေးယောက်နဲ့ စတင်ဖွင့်လှစ်တာပါ။ အောင်မြင်ပါတယ်။ အခုဆိုရင် တစ်နေ့ကို စာဖတ်ပရိသတ် ၂၀ နဲ့ ၃၀ အကြား လာဖတ်ကြပါတယ်။ အိမ်ကိုတော့ မငှားပါဘူး။ လူငယ်တွေ စာလာဖတ်တာမြင်ရတော့ ဝမ်းသာပီတိဖြစ်ရတယ်။ အခုလူငယ်တွေကို စာများများဖတ်စေချင်တယ်။ စာဖတ်မှ အသိပညာ ဗဟုသုတ ရရှိမှာဖြစ်ပါတယ်။ သူတို့အတွက်အဆိုး၊ အကောင်းတွေ ခွဲခြားတတ်လာမှာပါ"ဟု ကိုအောင်နိုင်က ပြောသည်။

**မျိုးလှိုင်(တွံတေး)**

# ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**မြင်းခြံ၊ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနရုံး၌ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) စွမ်းဆောင်ရည်မြှင့်တင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီက စတင်ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်နှင်းရီက ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့်အညီ မိမိတို့ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်သူဗဟိုပြုအသိပညာပေးဝန်ဆောင်မှုများ၊ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်တွင် နှမ်းဈေးကောင်းသဖြင့် နှမ်းစိုက်ပျိုးသူများအဆင်ပြေ

**မြန်အောင်၊ ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများဖြစ်သော စိန်တိုင်ကျွန်းကျေးရွာ၊ လက်ပံခုန်ကျေးရွာ၊ ယင်းမူကုန်းကျေးရွာ၊ ရေချမ်းအိုးကျေးရွာနှင့် လက်ပံချောင်ကျေးရွာ စသည့်ရွာများမှ နှမ်းစိုက်ပျိုးသူများသည် ယခုနှစ်အတွင်း နှမ်းဈေးကောင်းသဖြင့် အဆင်ပြေလျက်ရှိကြောင်း နှမ်းစိုက်တောင်သူများက ပြောသည်။

"ဒီနှစ်နှမ်းက ၁၀ လံပတ်လည်မြေတစ်ကွက်ကို အနည်းဆုံးနှမ်းတစ်တင်းခွဲလောက် အနည်းဆုံးရတယ်။ နှမ်းတစ်တင်းက ကျပ်ငါးသောင်းလောက်ဈေးရတော့ တချို့မြေများများရှိတဲ့သူတွေဆို သိန်းနှစ်ဆယ်အစိတ်လောက်တောင်ရတယ်" ဟု စိန်တိုင်ကျွန်းကျေးရွာမှ နှမ်းစိုက်ပျိုးသူတစ်ဦးက ပြောပြသည်။

လက်ပံချောင်ကျေးရွာမှ တောင်သူတစ်ဦးကလည်း "ဒီနှစ်မြစ်ရေက နှစ်တိုင်းလို မတက်တော့ နှမ်းသမားတွေအတွက် စားရတဲ့နှစ်ပါပဲ။ နှမ်းတစ်တင်းရောင်းလိုက်ရင် ဆန်ကလည်း နှစ်အိတ်လောက်ရတော့ ဒီနှစ်မိုးနှောင်းအတွက် ဆန်ဝမ်းစာ ပူစရာမလိုတော့ဘူး" ဟု ၎င်းကပြောသည်။

"ဒီနယ်က စိုက်တဲ့နှမ်းတွေကို တရုတ်ကနေဝယ်တယ်လို့ပြောတာပဲ။ ကျွန်တော်တို့ကတော့ သရက်နဲ့ မန္တလေးကကုန်သည်တွေကို ရောင်းနေတာပါ။ ခုလလယ်လောက်ကတော့ ဈေးနည်းနည်းကျသွားသေးတယ်။ ခုတော့ ငါးသောင်းလောက်ပြန်ဖြစ်သွားတယ်"ဟု နှမ်းကုန်သည်တစ်ဦးကလည်း ပြောပြသည်။

ယခုနှစ်တွင် နှမ်းဈေးကောင်းသဖြင့် နှမ်းစိုက်ပျိုးသူများအဆင်ပြေသလို အရောင်းအဝယ်များလည်း အဆင်ပြေလျက်ရှိကြောင်း မြန်အောင်ဈေးမှ ဈေးရောင်းသူများထံမှလည်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**



**QQ3 TAXI**
**(အိမ်ပေး)**
စပေါ်(၁)သိန်း (၁)ရက် ၉၀၀၀ နှုန်း
ဆက်သွယ်ချိန် ၈း၀၀- ၁၆း၀၀
ဖုန်း-၀၉-၇၃၀၁၅၈၈၄၊ ၀၉-၈၆၁၄၅၃၄

**တိုက်ခန်းရောင်းမည်**
ကျောက်တံတား၊ (၃၄)လမ်း၊ ဒု-ထပ် (၁၅'×၄၀') ထပ်ခိုးပါ။ 2AIR CON - ၅၅၀သိန်း ဖုန်း-၀၉ ၇၃၁၈၆၄၉၆၊ ၀၉ ၂၁၀၉၂၉၂၂




**တိုက်ခန်းအမြန်ရောင်းရန်ရှိသည်**
ပုဇွန်တောင်မြို့နယ်၊ သာယာကုန်းလမ်း၊ အနော်ရထာအိမ်ရာ၊ ပေ(၂၀×၅၅)၊ ပထမထပ် ပါကေးခင်း၊ 3BR, 2AC ထပ်ခိုးပြည့်
ဖုန်း-၀၉ ၂၅၀၀၃၇၇၂၇၊ ၀၉- ၄၂၀၁၀၂၀၂၊ ၀၉- ၄၂၀၇၃၉၉၇၉

**လူပျောက်ကြော်ငြာ**
မပပလင်း အသက်(၁၇)နှစ်သည် ၂၀-၈-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် ဘိုကလေးဈေး၊ အမှတ် (၈)ရပ်ကွက်၊ (၄၃)လမ်း၊ အမှတ်(၉၅)၊ ပထမထပ်၊ ဗိုလ်တထောင်မြို့နယ်ရှိ နေအိမ်မှ ထွက်ခွာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူအား ဥပဒေအရအရေးယူပါမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၄၀၇၆၁



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၈၁/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၈၁/ခ)၊ မင်းရဲကျော်စွာ (၅)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမြင့်သိန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ခင်ပွန်း (ဦးမြင့်သိန်း) ကွယ်လွန်သဖြင့် ဒေါ်သန်းကြည် [၁၂/ဥကတ(နိုင်) ၀၁၈၂၄၈]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၈)၊ မြေကွက်အမှတ် (၂၆၉)၊ ပေ (၄၀×၆၀) အကျယ်အဝန်းရှိသော ဦးမောင်ကို အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမောင်ကိုထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဦးတင်ဝင်း [၁၂/ဥကတ(နိုင်)၀၂၉၀၈၆]ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ဒေါ်ယဉ်ယဉ်လှ ဖုန်း- ၀၉၅၁၆၉၄၃၈



# ပွင့်ဖြူရှိ စပါးစိုက်ခင်းများ အမည်မသိဖျက်ပိုးကျ

**ပွင့်ဖြူ၊ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ရှိ ကုန်းဇောင်းအုပ်စု၊ သံကိုင်းအုပ်စု၊ နန်းတော်ကျွန်းအုပ်စု၊ လေးအိမ်အုပ်စု၊ အနောက်ကိုင်းအုပ်စု၊ ပေတောအုပ်စုနှင့် ညောင်ခြံအုပ်စု စသည့်ခုနစ်အုပ်စုတွင် စပါးစိုက်ပျိုးကြသည့် တောင်သူများ၏ စိုက်ပျိုးထားသောစပါးခင်းများ ဖြစ်ထွန်းအောင်မြင်ကြသော်လည်း အမည်မသိပိုးကောင်များ မရေတွက်နိုင်အောင် ကျနေသဖြင့် စိုက်ပျိုးထားသည့်စပါးခင်းများ ပျက်စီးသွားမည်ကို စိုးရိမ်နေကြကြောင်း သဖန်းတန်းကျေးရွာမှ ဦးသန်းဌေးက ပြောသည်။

“ကျွန်တော်တို့ပွင့်ဖြူမြို့နယ်အတွင်း ဧရာဝတီမြစ်အနောက်ဘက် မုန်းချောင်းအရှေ့ဘက်ခြမ်းက ကျေးရွာပေါင်း ၄၅ ရွာကျော် စပါးစိုက်တောင်သူဦးရေ ၂၅၀၀ ကျော်နဲ့ စပါးစိုက်ဧကပေါင်း ၃၀၀၀ကျော်မှာ အမည်မသိရသေးတဲ့ ပိုးကောင်တွေမရေမတွက်နိုင်အောင်ကျနေတယ်။ အော်ဂဲနစ်ဆေးတွေ စိုက်ရေးအသုံးဝင်ဆေးအမျိုးမျိုးသုံးကြပေမယ့် ခဏပဲနိုင်တယ်။ နှစ်ရက်လောက်နေလယ်ထဲသွားကြည့်ရင် ရေထဲလိပ်များကုန်ပေါ်တက်သလို အုံလိုက်ကျင်းလိုက် စပါးခင်းတွေမှာစုနေတာ မရေမတွက်နိုင်အောင်တွေ့ရတယ်။ စပါးအထွက်နည်းမလား စပါးပင်တွေအပျက်အစီးများမလားဆိုတာ ဝေခွဲမရဖြစ်နေတယ်။ စိုက်ပျိုးရေးနည်းပညာရှင်တွေ ကွင်းဆင်းလေ့လာစေချင်တယ်။ နွေစပါးစိုက်ပျိုးစဉ်အခါက ယခုလို မတွေ့ရဘူး။ စပါးတွေ စိုက်ပျိုးတာအပင်တွေဖြစ်ထွန်းအောင်မြင်လာမှ အခုလိုတွေ့လာကြတော့ စပါးစိုက်တောင်သူကြီးတွေ စပါးစိုက်ခင်းတွေအတွက် တော်တော်စိုးရိမ်နေကြတယ်”ဟု ဦးသန်းဌေးက ဆက်လက်ပြောပြသည်။ ပွင့်ဖြူမြို့နယ်ရှိ ကျေးလက်ဒေသနေတောင်သူများသည် မြေပဲ၊ နှမ်း ဆီထွက်သီးနှံများအပြင် ပဲတီစိမ်း၊ ပဲစင်းငုံ၊ ထောပတ်ပဲများနှင့် ခရမ်း၊ ငရုတ်၊ ခရမ်းချဉ်နှင့် ဒေသအခြားသီးနှံများလည်း စိုက်ပျိုးကြသည်။ နွေ၊ မိုး၊ ဆောင်းသုံးရာသီ တွင် စပါးကို အဓိကအားထားစိုက်ပျိုးကြကြောင်း၊ နွေစပါးစိုက်ပျိုးရာ၌ အထွက်နှုန်း မညီသော်လည်းတစ်ဧကစပါးတင်း ၉၀ မှ တင်း ၁၀၀ ထိရကြကြောင်း ဒေသခံများကပြောသည်။

**ခွဲထက်ရှင်**

# ညောင်ရွှေမြို့နယ်၌ ပုလဲသွယ်စပါး စုပေါင်းဓာတ်မြေဩဇာကြဲပက်

**ညောင်ရွှေ၊ ဩဂုတ် ၂၉**



၂၀၁၄-၂၀၁၅ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် တစ်ဧကတင်း ၂၀၀ အထက် အထွက်နှုန်းယှဉ်ပြိုင် စံပြကွက်အတွင်း ပုလဲသွယ်စပ်မျိုးစပါးများ ပင်ပွားထွက်ရှိမှု အားကောင်းစေရန်အတွက် စုပေါင်းမြေဩဇာကြဲပက်ခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု ကွင်းအမှတ် ၄၂ ဦးပိုင် ၁၆၅ ရှိ တောင်သူဦးညိုတင်၏ လယ်မြေ၌ ကျင်းပကြောင်း သိရသည်။

စိုက်ပျိုးပြီး ၁၄ ရက်သားရှိ ပုလဲသွယ်စပါးပင်များ အပင်အာဟာရ အပြည့်အဝရရှိစေရန်နှင့် မြေဩဇာကို အကျိုးရှိရှိ အသုံးပြုနိုင်ရန်အတွက် ယခုလို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တစ်ဧကလျှင် မြေဆွေး သုံးဆ၊ ပုလဲဓာတ်မြေဩဇာတစ်ဆကို အချိုးကျ ရောစပ်၍ ကြဲပက်ခဲ့ကြောင်း၊ ပုလဲဓာတ်မြေဩဇာကို မြေဆွေးမြေဩဇာနှင့်အတူ ရောစပ်၍ ကြဲပက်မှုသာ အပင်အတွက် အကျိုးများကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ရှင်းပြသည်။

ထို့ပြင် စပါးစိုက်ခင်းအတွင်း ကျရောက်တတ်သော ပိုးမွှားအန္တရာယ်ကာကွယ်နိုင်ရန်အတွက် ပိုးသတ်ဆေးများကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# တာမွေမြို့နယ်ရှိတာမွေမီးပွိုင့်တွင် စည်းကမ်းမဲ့လမ်းဘေးဈေးသည်များအား ဖယ်ရှားပါက ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းနိုင်

**ရန်ကုန်၊ ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ဆရာစံလမ်းနှင့် သမိန်ဗရမ်းလမ်းဆုံရှိမီးပွိုင့်တွင် များသောအားဖြင့် ယာဉ်ကြော ပိတ်ဆို့နေလေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် တာမွေမီးပွိုင့်၌ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန်အတွက် ပလက်ဖောင်းပေါ်နှင့် ဘတ်စ်ကားဂိတ်မျဉ်းဝါအတွင်းရှိ စည်းကမ်းမဲ့ဈေးသည်များကို ဖယ်ရှားပါကယာဉ်ကြောပိတ်ဆို့မှုအား ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ယင်းမြို့နယ်တွင်နေထိုင်သူများကပြောသည်။

ရွှေဂုံတိုင်ဘက်မှ သမိန်ဗရမ်းလမ်းအတိုင်းလာသော ယာဉ်တန်းကြီးသည် မီးပွိုင့်စိမ်းနေသော်လည်း ရွှေ့လျားနိုင်ခြင်းမရှိသဖြင့် မီးပွိုင့်မီးနီချိန်လမ်းလယ်တွင် ယာဉ်တန်းကြီးကျန်ရှိနေပြီး ဆရာစံလမ်းမီးစိမ်းချိန်တွင် ထွက်လာသော ယာဉ်များနှင့်ပိတ်ဆို့ခြင်းများဖြစ်ပေါ်ကြောင်း သိရသည်။

သမိန်ဗရမ်း လမ်းမကြီးသည် တစ်ဖက်လျှင်ယာဉ်ကြော သုံးလမ်းသွားလာနိုင်သည့် ခြောက်လမ်းသွား (6 Lanes) လမ်းမကြီးဖြစ်ပြီး ထိုတာမွေမီးပွိုင့်ရှိကွေ့ကြောမှ ညာဘက်သို့ကွေ့လာပါက ပေ ၆၀ ခန့်အကွာတွင် ဘတ်စ်ကားများရပ်နားရန် ခွင့်ပြုထားသော မျဉ်းဝါ (Yellow Box) အားမြင်တွေ့နိုင်မည် ဖြစ်ပါသည်။

ဒုတိယယာဉ်ကြောတွင် ရန်ကုန်-ကျောက်တန်းကားများ ငါးစီးခန့်မှာ တန်းစီပြီး ခရီးသည်ခေါ်နေလေ့ ရှိကြောင်း သိရသည်။

ထို့ကြောင့်ယာဉ်များသွားလာရန်အတွက်ယာဉ်ကြောတစ်ကြောသာကျန်ရှိကာသမိန်ဗရမ်းလမ်းအတိုင်း ရွှေဂုံတိုင်ဘက်မှ လာသောယာဉ်များမှာ မီးပွိုင့်စိမ်းနေစဉ်အတွင်း ကားအနည်းငယ်သာ ဖြတ်သန်းသွားနိုင်ပြီး မီးပွိုင့်နီချိန် အလယ်လမ်းမကြီးပေါ်တွင် ကားကျန်များရှိနေခြင်းဖြစ်သည်။

ၡင်းအပြင် ဘတ်စ်ကားရပ်ရန် သတ်မှတ်ထားသော မျဉ်းဝါ (Yellow Box) အတွင်းနှင့် ပလက်ဖောင်းပေါ်တွင် ဈေးဆိုင်များအစီအရီ ခင်းကျင်းရောင်းချနေကြသည်။

ရန်ကုန်-ကျောက်တန်းဘတ်စ်ကားများ တန်းစီရပ်တန့်စောင့်ဆိုင်းပြီး ခရီးသည်ခေါ်ယူနေမှုအား အရေးယူဆောင်ရွက်မှုများနှင့် ဘတ်စ်ကားဂိတ်အသစ်အား မီးပွိုင့်မှ မီတာ ၁၀၀ အကွာအဝေးသို့ရွှေ့ပြောင်းစေပြီး စည်းကမ်းမဲ့ဈေးသည်များ၊ စည်းကမ်းမဲ့ ယာဉ်များ၊ စည်းကမ်းမဲ့ လမ်းဖြတ်ကူးသူများအား တားဆီးနိုင်ရန်အတွက် ကွေ့ကြော (Free Lane) မှ ဘတ်စ်ကားဂိတ်အနီးအထိ ပလက်ဖောင်းနှင့် ကတ္တရာလမ်းအကြား၌ ဗိုလ်ချုပ်ဈေးရှေ့တွင်ကဲ့သို့ သံဇကာများအသေကာထားသင့်ကြောင်း ခရီးသွားများကအကြံပြုပြောသည်။

ထိုသို့ဆောင်ရွက်ခြင်းကြောင့် သမိန်ဗရမ်းလမ်းနှင့် ဆရာစံလမ်းမီးပွိုင့်တွင် တွေ့ကြုံနေရသောယာဉ်ကြောပိတ်ဆို့မှုပြဿနာ ပြေလည်သွားမည်ဖြစ်ပါကြောင်း လေ့လာသူများက အကြံပြုပြောကြားသည်။

**လင်းကိုကို**

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသစ်ပင် စိုက်ပျိုးပွဲကျင်းပ

**လွိုင်းဘွဲ့၊ ဩဂုတ် ၂၉**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နံနက် ၁၀ နာရီခွဲက လွိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ရွှေတိဂုံပုံတူ စေတီတော်အနီးတွင် ကျင်းပရာ ကရင်ပြည် နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီးနောက် ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးစောဆာလောလက အမှာစကားပြောကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ပျိုးပင်များပေးဝေခဲ့ပြီး ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး ဦးစောဆာလောလ၊ ပြည်နယ်လူမှုရေးဝန်ကြီးဦးချစ်လှိုင်တို့ကလည်း ဆက်လက်ပေးဝေခဲ့ကြသည်။

ၡင်းနောက် အခမ်းအနားသို့တက်ရောက်လာသူများနှင့် ပြည်နယ်အစိုးရအဖွဲ့မှ သစ်ပင်စိုက်ပျိုးခဲ့ကြသည်။


**ခရိုင်(ပြန်/ဆက်)**


# နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် တတိယအဆင့် အရှိန်မြှင့်တင်ရေးဆွေးနွေး


**ရွှေဘို ဩဂုတ် ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ရေးရှင်းလင်းဆွေးနွေးပွဲကို ရွှေဘိုမြို့ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီရုံးအစည်းအဝေးခန်းမတွင် ဩဂုတ် ၁၉ ရက်က ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူးက နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် ပထမအဆင့်၊ ဒုတိယအဆင့် ဆောင်ရွက်မှုအခြေအနေများနှင့် တတိယအဆင့် ဆောင်ရွက်မည့် ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေးနှင့် ပြည်သူများ၏ လူမှုစီးပွားအဆင့်မြှင့်တင်ရေး အခြေအနေများကိုရှင်းလင်းဆွေးနွေးပြီး ရွှေဘိုမြို့နယ်ရှိ တက်ရောက် လာကြသော ဆန်စက်လုပ်ငန်းရှင်အသင်း၊ ဆန်ကုန်သည်အသင်း၊ ဆီစက်/ဆီကုန်သည်အသင်း၊ စဥ့်လုပ်ငန်းရှင် အသင်းနှင့် ရွှေဘိုစက်မှုဇုန်ကော်မတီဝင်များက ပြန်လည်ဆွေးနွေးကြောင်း သိရသည်။

**နေလင်းအောင်(မုံရွာ)**





## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ဦးထွန်းသာဦး [၁၁/အဖန(နိုင်) ၀၄၇၀၀၁] ပိုင်ဆိုင်ခွင့်ရ မြေတိုင်းရပ်ကွက်အမှတ် (၁၅၁/၇၃၃) (ဒဂုံ) ပေ(၄၀×၆၀) မြေကွက်အား ဝယ်ယူရန် ငွေအပြေအကျေပေးချေပြီးဖြစ်ပါသည်။

ယင်းမြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူတို့က ကန့်ကွက်ရန်ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင်လှိုင် **(B.A,H.G.P)**
အထက်တန်းရှေ့နေ(စဉ်-၂၂၅၁၄)
ဖုန်း-၀၉-၇၃၀၁၁၇၉၂၊ ၀၉-၂၅၄၄၉၇၄၃၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ် (၂၀/၂၂)ဟုခေါ်တွင်သော (၈)ထပ်ခွဲတိုက်တွင် အမှတ်(၂၀) ဘက်ခြမ်းရှိ တိုက်၏ မြေညီထပ် (ခြေရင်းခန်း)နှင့်တွဲလျက် အပေါ်ထပ်တိုက်ခန်းများအပါအဝင် ပေ(၂၅×၅၀)ရှိ တိုက်ခန်း (၂)ခန်း၏ အကျိုးခံစားခွင့်များကို ဒေါ်ခင်ခင်ဦး [၁၂/လသန(ဧည့်) ၀၀၁၀၃၅] ဆိုသူထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများပေးချေခဲ့ပြီး ဖြစ်ပါသည်။

တိုက်ခန်းများအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ဤကြော်ငြာစာပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်တော့်ထံကန့်ကွက်နိုင်ကြပါသည်။ သတ်မှတ်ရက်ကျော်လွန်ခဲ့ပါလျှင် တိုက်ခန်းအရောင်းအဝယ်ကိစ္စများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
ဦးစိုးအောင် (၆၉၁၄)**B.A, R.L,D.B.L**၊ (တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၀၂၆၀၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ် (၅၈၆/ ခ)၊ မြေကွက်တည်နေရာအမှတ် (၅၈၆/ခ)၊ ရန်ပြေ(၁၄)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးဝင်းမြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဝင်းမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းစန်းအေး[၁၂/သကတ(နိုင်)၀၄၅၁၁၇]မှ ပိုင်ဆိုင်ကြောင်း စာချုပ်၂၄၇၁/၁၄ (၂၆-၅-၂၀၁၄)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းမှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အတွေးအမြင်ဆောင်းပါး**

# "ခရီးလမ်းဆုံ"

**à atnifumf(qifqyf**

ခရီးလမ်းဆုံ
ကြက်တူရွေး၊ ကြက်တူရွေး
ရွှေခဲကြက်တူရွေး၊
ညီပုလေးကို စာအံသင်
ရွှေခဲစာအံသင်။
ညီလေးခင်ကစာပြန်တုန်း
ရွှေခဲစာပြန်တုန်း။
ဝလုံးရေးဖို့ညီလေးထိုင်
ရွှေခဲမရေးနိုင်
ငေးမှိုင်ရှာပေါ့ ကြက်တူရွေး ရွှေခဲကြက်တူရွေး။

ငယ်စဉ်ကကျောင်းမှာ သံပြိုင်ညီညာ မြူးမြူးကြွကြွနှင့် သီဆိုခဲ့သော ဆရာကြီးမင်းသုဝဏ်၏ ကဗျာလေး။ ဆိုကောင်း၍ အားရပါးရသီဆိုခဲ့ပြီး ယခုပြန်တွေးကြည့်မိချိန် မိမိသည်လည်း ကြက်တူရွေးလေးလိုပါပဲလားဟု ခံစားသိလာခဲ့ရပါသည်။

မွေးရပ်မြေ မြောက်ဦးမြို့။ ကုလတန်နှင့် လေးမြို့မြစ်ဝှမ်း လွင်ပြင်ကြား အချက်အချာကျသည့်နေရာ တောင်တန်းငါးသွယ် အလယ်ဗဟိုမှ ရခိုင်တို့၏ ရွှေဟောင်းမြို့တော်။ တောင်တန်းနှစ်သွယ်ကြား ပိတ်ဆည်ရေလှောင်ထားသည့် တစ်ဖက်ဆည်ကန် (ခေါ်) လက်ဆီးကန်။ တစ်မြို့လုံးသို့ သောက်သုံးရေဖြန့်ဝေနေသည့် ကန်တော်ကြီး။ ထိုကန်ကြီးအတွင်းသို့တိုးဝင်နေသော တောင်ကမူလေးပေါ်မှာ ဆရာတော်ဘုရား ဦးလာဘ သီတင်းသုံးရာ သက်သတ်လွတ်တောရကျောင်းလေးရှိပါသည်။ လူသူမနီး စိတ်ငြိမ်ရပ်ဝန်းမို့ ဝါတွင်းဥပုသ်ရက်တိုင်း သွားဖြစ်သည်။ ထိုနေ့များတွင် ည၊ မနက် တစ်နေ့နှစ်ကြိမ် တစ်နာရီစီ တရားရှုမှတ်ပွားများရသည်။ တရားမှတ်၍ ဝေဒနာပြင်းပြင်းထန်ထန်ခံစားလာရချိန် ဆရာတော်ဘုရားကြီး၏ "သေခါနီး ခံစားရမည့် ဝေဒနာသည် ယခုကြုံတွေ့နေရသည်ထက် ပိုပြင်းထန်ကြောင်း" သတိပေးစကား ယနေ့တိုင်နားထဲ သံမှိုစွဲသလိုကြားယောင်နေဆဲ။ " အသေမဦးခင် ဉာဏ်ဦးအောင်ကြိုးစားကြ" ဟူသည့်မိုးကုတ်ဆရာတော်ဘုရားကြီး၏ မိန့်မှာချက်ကိုလည်း အမှတ်ရစေပါသည်။ ဘဝမှာ ပထမဦးဆုံးအကြိမ် သေခြင်းတရားနှင့်ပတ်သက်၍ ခံစားမိခဲ့ခြင်း။

ဖြစ်၊ တည်၊ ပျက် ဘဝတစ်ခု၏ အင်္ဂါရပ်။ မံသမျက်စိနှင့် မမြင်နိုင်စွမ်းသည့် ဘဝပေါင်းများစွာလည်း ရှိနေသေးသည်။ ဥပမာ-တဖြောက်ဖြောက်နှင့် ပေါက်ပေါက်ဖောက်သကဲ့သို့ တစ်ရံမလပ် ပေါက်ကွဲဖြစ်ပျက် ကလာပ်စည်းများနှင့် ဖွဲ့တည်ထားသည့် မိမိတို့၏ ရုပ်၊ နာမ်ခန္ဓာအိမ်များ။ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်မှာ ဤခန္ဓာအိမ်ပေါင်း ကုဋေကုဋာချီ၍ဖြစ်ပျက်နေကြောင်း မှတ်သားဖူးပါသည်။ လူတစ်ယောက်သည် မြစ်တစ်စင်းကို နှစ်ကြိမ်ဆင်း၍ မရနိုင်။ အကြောင်းမူ မြစ်ရေအလျဉ် အစဉ်ရွေ့လျားနေ၍ဖြစ်သည်။ ထိုနည်းတူ လူတစ်ယောက်ကိုလည်း နှစ်ကြိမ်တွေ့၍မရနိုင်။ အကြောင်းမူ ရုပ်၊ နာမ်ခန္ဓာအိမ်များ အစဉ်ပြောင်းလဲဖြစ်ပေါ်နေ၍ ဖြစ်သည်။ ပထမလူသည် တစ်ခဏအတွင်းမှာပျောက်ကွယ် နောက်လူတစ်ယောက်ဖြစ်သွားပြီ။ ရေအလျဉ်ကဲ့သို့ပင်တည်း။ ဗုဒ္ဓ၏ ခဏိကဝါဒ အနှစ်တရား။

လူ့ဘဝကို ရေပွက်ပမာ တစ်သက်လျာတည်းဟု ဥပမာပေးပြောကြသည်။ ထိုထိုသော ခဏတာကို အငိုနှင့်စ အငိုနှင့်ပဲ နိတိတံခဲ့ကြရသည်။ သို့သော် အငိုမျက်ရည်စချင်းကားမတူကြ။ အမိဝမ်းမှ ကျွတ်လွတ်ကာစ ပြင်ပလေအလင်းရောင်တို့နှင့် ထိတွေ့လာရချိန် လန့်ဖြန့်ငိုကြွေး အဖြူရောင်မျက်ရည်စများ။ ကိစ္စများမြောင် လူတို့ဘောင်တွင် ချစ်ခြင်း၊ မုန်းခြင်း၊ ရယူပိုင်ဆိုင်၊ နစ်နာဆုံးရှုံး၊ အနှောင်အဖွဲ့များစွာနှင့်၊ တချို့သိကြ၏၊ ရုန်းထွက်ကြ၏၊ ရုန်းထွက်နိုင်ဖို့လည်း ကြိုးစားကြ၏။ မသိသူကများ၏။ အနှောင်အဖွဲ့များကြားမှာ မိန်းမောသာယာ နေ့မအား ညမအားနှင့် ပင်ပန်းနေကြလည်း ပင်ပန်းသည်ဟု မထင်မှတ်ကြ။ ဘဝဟူသည် တိုက်ပွဲဟုဆိုလိုက်ကြသေး၏။ ဤသည်ပင် ရှင်သန်ခြင်း၏ အဓိပ္ပာယ်ဟုလည်း အနက်ဖွင့်ဆိုကာပျော်ပျော်နေသေခဲ အရာရာကိုလက်ရဲဇက်ရဲနှင့် လုပ်ရဲကိုင်ရဲ ရဲနေတတ်ကြ၏။ သို့သော် သေခြင်းတရားနှင့်ကြုံလာရချိန် ရင်ဆိုင်ဖို့သူတို့တွင် အဆင်သင့်ဖြစ်မနေတတ်ကြ။ တစ်ချိန်က အားမာန်အပြည့်နှင့် ရင်ဆိုင်ရဲသောသတ္တိများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ် ဘယ်ဆီရောက်သွားမှန်းမသိ။ မျက်ကလူးဆန်ပြာနှင့် ပြာယာခတ်ရပြီ။ ပိုင်ဆိုင်ထားသမျှ ဇနီးမယား သမီးသားပွားစည်းထားသမျှ နေဥစ္စာ၊ ရွှေငွေ၊ တိုက်တာ အရာဟူသမျှ အပြီးအပိုင် စွန့်လွှတ်ထားခဲ့ရတော့မည် သိလာချိန် ကျလာသည့်မျက်ရည်စက်များ။ လောကကို နောက်ဆုံးနှုတ်ဆက် မဖြူစင်သော အပူသောက မျက်ရည်စက်များ။ မတူညီသောဘဝတစ်ခု၏ အဖွင့်အပိတ် မျက်ရည်စများ။

ထို့ကြောင့်လည်း ရှင်တော်ဗုဒ္ဓက "ရုပ် နာမ် ဓမ္မ သင်္ခါရတို့သည် ပျက်စီးခြင်းသဘောကို မလွန်နိုင်ကြ၊ သင်တို့သည် မမေ့မလျော့သောသတိဖြင့် ကိစ္စဥသုံးပြည့်စုံစေရစ်ကြ" ဟူ၍ သေခြင်းသဘောကို မမေ့မလျော့ အမြဲသတိရှိနေဖို့ ဟောကြားခဲ့ခြင်းဖြစ်ပါသည်။ ဤအသိက အဟိတ်မာန လောဘ၊ ဒေါသကို ထိန်းကွပ်ပေးသည်။ ယောနိသော မနသိကာရ သင့်တင့်မျှတစွာ နှလုံးသွင်းလျက် နေတတ်စေသည်။ သမ္မာအာဇီဝ အသက်မွေးမှုဖြင့် ဘဝခရီးကို တရားအသိဖြင့် ဖြတ်သန်းစေသည်။ "မရဏာနုဿတိ" ၏ ထိရောက်မှု။

လူ့နယ်ပယ်တွင် ခရီးအတူတူသွားနေကြလည်း သွားပုံသွားနည်းမတူကြ။ တချို့ဝန်ထုပ်ဝန်ပိုး တနင့်တပိုးနှင့် မနိုင်မနင်း ပင်ပင်ပန်းပန်းရှိနေကြသည်။ တချို့က ပေါ့ပေါ့ပါးပါးနှင့်။ ထိုလူနှစ်မျိုးနှစ်စားကို သေခါနီးခဏမှာ ခွဲခြားသိသာစေပါသည်။ ပြုံးသေ၊ မဲ့သေ ကွဲပြားသွား၍ဖြစ်ပါသည်။ လားရာဂတိကို နောက်ဆုံးအချိန် ဖြတ်သန်းမှုက မျက်နှာပေါ်မှာ ပုံရိပ်ထင် အဆုံးအဖြတ်ပြုပေးသွားခြင်း။ သေခါနီးခဏမှာ ဒေါသတစ်ချက်ကြောင့် မြွေဘဝရောက်သွားရသည့် မင်းကြီး၊ ခြေဖျားမှစ တကွပ်ကွပ်နှင့် ဝါးစားခံနေရသောဝေဒနာကို နာနာရှုမှတ်ရင်း ကွယ်လွန်ခါနီး ကျားပါးစပ်ဝမှာ တရားထူးရသွားသော ရဟန်းကြီးတစ်ပါးအကြောင်း ဗုဒ္ဓစာပေမှာ ဖတ်မှတ်ဖူးပါသည်။ တရားလမ်းပြစာရေးဆရာကြီးတစ်ဦး၏ ကွယ်လွန်ခါနီးဝေဒနာကို မခံမဆံ့ ကြိတ်မှိတ်ခံစားခဲ့ရပုံအကြောင်းကိုလည်း ဆရာမြသန်းစံရေးသားသည့် ဆောင်းပါးတစ်ပုဒ်တွင် သင်ခန်းစာယူစရာ ဖတ်မှတ်လိုက်ရပါသေးသည်။ နေညိုချိန် မိမိတို့အတွက် လမ်းပြကြယ်များ။

ပညာရှိ ဇူမာချီယင်က "သေခြင်းတရားက လူတိုင်းအပေါ် တူညီစွာကျရောက်ပေမယ့် တောင်ကြီးထက်လည်း ပိုလေးနိုင်တယ်၊ ငှက်မွှေးတစ်ချောင်းထက်လည်း ပိုပြီးပေါ့ပါးနိုင်တယ်" ဟူ၍ သေခြင်းနှစ်မျိုးကို လူသာမန်နားလည်နိုင်စွမ်းသည့် ဥပမာပေးနှင့် ရှင်းပြထားခဲ့သည်။ လူသားတိုင်း ဤနှစ်မျိုးအနက် တစ်မျိုးကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ အချိန်မနှောင်းမီ ဉာဏ်သတိနှင့် အချိန်ရှိခိုက်လုံ့လစိုက်ဖို့တော့ လိုအပ်ပါလိမ့်မည်။ အရာရာတွင် မည်သူမပြုမိမိမှုမို့ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာခံယူရစမြဲဖြစ်သည်။ ပြုသမျှကုသိုလ် အကုသိုလ်ကံများက ပြုံးသေ၊ မဲ့သေ ထိုနှစ်ထွေကို အဆုံးအဖြတ်ပြုပေးသွားပါလိမ့်မည်။

ဘဝအစမွေးဖွားလာချိန်မှာ အနှိုင်းမဲ့အမေ့မေတ္တာနှင့် အပြင်မှ ဝိုင်းဝန်းပံ့ပိုးမှု "အား"ကို အပြည့်အဝရယူလျက် လောကနယ်သို့ လွတ်လွတ်ကျွတ်ကျွတ် ဝင်ရောက်ခွင့်ရလာခဲ့၏။ သို့သော် ပြန်လည်ထွက်ခွာရချိန်မှာ မည်သူ့အကူအညီမှ မရယူနိုင်တော့ပါပြီ။ "အတ္တာဟိအတ္တာနော နာထော" မိမိကိုယ်မှအပ ခိုကိုးရာမရှိ။ ထိုအချိန် အသေမဦးခင် ဉာဏ်ဦးထားသူများအတွက် သေခြင်းတရားသည် ဇူမာချီယင်၏ ငှက်မွှေးတစ်ချောင်းဥပမာကဲ့သို့ ပေါ့ပေါ့ပါးပါး ရှိနေပါလိမ့်မည်။ ဉာဏ်မဦးသူများအတွက်ကား။ ခရီးလမ်းဆုံသည် လမ်းဆုံးမဟုတ်သေး။

## ရန်ကုန်-မြိတ်လမ်းပိုင်းအား ပြုပြင်လျက်ရှိ

**ရေး၊ ဩဂုတ် ၂၉**

ရန်ကုန်-မြိတ်လမ်းပိုင်းဖြစ်သော ရေးမြို့ အဏ္ဏဝါရပ်ကွက်အတွင်း နှစ်ဖာလုံခန့်အကွာအဝေးရှိသော လမ်းပိုင်းမှာ မိုးရွာသွန်းသည့်အချိန်ရောက်တိုင်း လမ်းမပေါ်သို့ ရေများပြည့် လျှံနေပြီး လမ်းများပျက်စီးနေသဖြင့် နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ယာဉ်ကြီးယာဉ်ငယ်များမှာ ယာဉ်အန္တရာယ်ဖြစ်သည့်အပြင် အများပြည်သူအများအတွက် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း သိရသည်။

ပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်ရခြင်းအတွက် ယာဉ်အန္တရာယ်ကင်းရှင်းစေပြီး သွားလာရေးလွယ်ကူစေရေးတို့ဖြင့် ကူညီဖြေရှင်းပေးရန်အတွက် ဆောင်ရွက်လျက်ရှိရာ လမ်းအား ပြုပြင်ထိန်းသိမ်းကာကွယ်ရန် ရေစီးရေလာကောင်းမွန်စေရေးလမ်းဘေးတစ်ဖက်တစ်ချက်မှ အနက် သုံးပေ၊ အကျယ်သုံးပေရှိ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီမှစ၍ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်ကော်မတီသုံးရပ်တို့ ပူးပေါင်းအဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွဋ်ထွဋ် (ရေး)**




**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၉**

ဦးဝင်းစိန် နှင့် ဒေါ်ခင်သန်းနွဲ့
(တရားလို) (တရားပြိုင်)

ဒေါ်ခင်သန်းနွဲ့ မ-၁၃၈၊ တပင်ရွှေထီးလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ ၅ ရက် (၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအဆိုပြုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။


(အောင်သန်းဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး



**ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း**

ယာဉ်အမှတ်-၅ဃ/၂၂၉၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)


**၁၆-၈-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာပါ ဦးကျော်လင်း[၁၂/မဂဒ(နိုင်)၁၀၄၂၀၁]၏ ဒေါ်တင်မာရွှေ[၆/ဘပန(နိုင်)၀၃၆၉၄၁]နှင့် အများသိစေရန်ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းအသိပေးကြေညာချက်**

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်-၇၈ နေ ဒေါ်တင်မာရွှေ[၆/ဘပန(နိုင်)၀၃၆၉၄၁]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ဦးကျော်လင်း[၁၂/မဂဒ(နိုင်)၁၀၄၂၀၁]နှင့် ဒေါ်တင်မာရွှေတို့သည် ၁-၃-၂၀၁၁ ရက်မှစ၍ လက်ထပ်ပေါင်းသင်းခဲ့သည့် (၃)နှစ်တာကာလအတွင်း ဦးကျော်လင်းမှစိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် ဒေါ်တင်မာရွှေကို အမြဲတမ်းဆူပူကြိမ်းမောင်း ရိုက်နှက်နှိပ်စက်ခဲ့ပါသည်။ သားဖြစ်သူ (၁)နှစ်နှင့် (၄)လအရွယ်ရောက်သည့်တိုင်အောင် သည်းခံပေါင်းသင်းခဲ့သော်လည်း အမြဲတမ်းနှိပ်စက်နေပါသဖြင့် သက်ဆိုင်ရာလူကြီးများအား အသိပေးတိုင်ကြားပြီး မြိတ်မြို့ရှိ မိဘများထံ မိမိဒေါ်တင်မာရွှေ၏ဆန္ဒအရ သားဖြစ်သူကိုခေါ်၍ မိဘများနှင့်အတူပြန်လည်နေထိုင်ခဲ့ရကြောင်း ကို သက်ဆိုင်ရာ လူကြီးမင်းများအား အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ ဦးကျော်လင်းအား လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်သည့်အပြင် ဦးကျော်လင်းနှင့်ပတ်သက်သည့် ကိစ္စများသည်လည်း ဒေါ်တင်မာရွှေနှင့် သက်ဆိုင်ခြင်းမရှိကြောင်းပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးခင်မောင်မြင့်(ကနောင်)
**LLB WIPO (Switzerland)** စဉ်-၂၇၁၆
တရားလွှတ်တော်ရှေ့နေနှင့်ဥပဒေအကြံပေး

ဒေါ်နေခြည်ဦး(စဉ်-၃၈၄၄၄) နော်မြတ်လေးနွယ်(စဉ်-၄၁၆၃၃) ဒေါ်ဝတ်ရည်ငွေး(စဉ်-၃၆၉၁၇)
**LLB,. WIPO (Switzerland)** **LL.B** **LL.B.,LL.M**
အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ

အမှတ်(၁၀/၁၂)၊ မြေညီထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၀၈၇၅၄၊ ၀၉-၈၆၁၁၄၁၆

# ပုလဲမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်

**ပုလဲ၊ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ၃၁၄ ဒသမ ၆၀၄ သန်းဖြင့် ကတ္တရာလမ်းခင်းခြင်း၊ Boxculvert တည်ဆောက်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် စမ့်စိမ်းရေသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးခိုင်က "ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ ပုလဲမြို့နယ်အတွင်းမှာ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိအောင်နဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်လို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြောသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အရှည် ၄ မိုင် အကျယ် ၁၂ ပေ၊ ၅၅ မိုင်ဝက်ကျလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေ ၂၀၆ ဒသမ ၅၆၀ သန်းနှင့် ဖလံပင်-အေးချမ်းသာလမ်းပေါ်တွင် အလျား ၁၈ ပေ အနံ ၅ ပေ၊ အမြင့် ၃ ပေရှိ Boxculvert ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ၈ ဒသမ ၉၉၀ သန်း၊ ကျေးသမျှားရွာသစ်လမ်းပေါ်တွင် အလျား ၁၈ ပေ၊ အနံ ၅ ပေ၊ အမြင့်သုံးပေရှိ Boxculvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေ ၅ ဒသမ ၃၉၄ သန်းဖြင့် Royal Thanlarwaddy ကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကုက္ကိုစု၊ လက်တောင်ကြီး၊ ချောင်းကန်၊ သပြေရေကျောက်ဆင်ထူး၊ သက္ကယ်ကျင်းကျေးရွာနှင့် တောသာကျေးရွာတို့တွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေကျောကျေးရွာတွင် အလျား ၁၅၀ ပေ၊ အနံ ၁၅၀ ပေ၊ အမြင့် ၅ ပေရှိ မြေသားရေကန် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းနှင့် ဝက်ကျကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းတို့ကို ခွင့်ပြုရန်ပုံငွေ ၉၃ ဒသမ ၆၆ သန်းဖြင့် Tech Friend ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်သိန်းစိုး(ပြန်/ဆက်)**

## အရေးပေါ်သုံး ရှေးဦးပြုစုခြင်းဆေးသေတ္တာပေးအပ်



**ကျွန်းလှ၊ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ တိုင်းဒေသကြီး နယ်စပ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးဌာနမှ ပံ့ပိုးပေးသော မြို့နယ်ကြက်ခြေနီအသင်းဝင်များအား အရေးပေါ်သုံး ရှေးဦးပြုစုခြင်းဆေးသေတ္တာ ပေးအပ်ခြင်းကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမတွင်ပြုလုပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန်းဌေးနှင့် မြို့နယ်ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး ဦးစက်ရွှေတို့က ဆေးသေတ္တာ ၁၀ ပုံးကို ပေးအပ်ပြီး ဆေးပစ္စည်းများသုံးစွဲနည်း လက်တွေ့သရုပ်ပြကြသည်။

"ကျွန်တော့်က မြို့နယ်ကြက်ခြေနီအသင်းဝင်တစ်ဦးဖြစ်ပြီး ထန်းပင်ကုန်းကျေးရွာမှာ နေထိုင်ပါတယ်။ ကျေးရွာမှာ လူဦးရေ ၁၇၀ ကျော် နေထိုင်ကြပါတယ်။ ကျွန်းလှမြို့နဲ့ ခြောက်မိုင်ကွာဝေးပါတယ်။ ရွာသူရွာသားတွေက လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ အခုလို အရေးပေါ်သုံးဆေးသေတ္တာများ ပေးတဲ့အတွက် ကျေးရွာနေပြည်သူတွေကို ရှေးဦးပြုစုခြင်းအတတ်ပညာနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မှာဖြစ်ပါတယ်" ဟု ရွာသားတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ရန်ကုန်၊ ဩဂုတ် ၂၉**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းခြင်းနှင့် ဆေးစိမ်ခြင်ထောင်ပေးအပ်လှူဒါန်းပွဲကို ကမာရွတ်မြို့နယ် အမှတ် (၁) ရပ်ကွက် ကန်လမ်းတွင် ဩဂုတ် ၂၇ နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသင်းသင်းနိုင်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များအကြောင်း ဟောပြောဆွေးနွေးပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောမြင့်ထူးက ဆေးစိမ်ခြင်ထောင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြငွေနှင့် တာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများအား ဆေးစိမ်ခြင်ထောင်များ ပေးအပ်လှူဒါန်းခြင်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခပ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ရပ်ကွက်နေပြည်သူများနှင့် ဝိုင်းဝန်းလုပ်ဆောင်ခဲ့ကြသည်။



**အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောမြင့်ထူး ဆေးစိမ်ခြင်ထောင်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြောစဉ်။**

ရပ်ကွက်အတွင်း ဖြန့်ဝေပေးခဲ့သော ဆေးစိမ်ခြင်ထောင်အလုံး ၇၀ ကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၀၄၈)**

## အရာထမ်းများစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်လှစ်

**မကွေး၊ ဩဂုတ် ၂၉**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ (Third Wave) လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရာထမ်းများ စွမ်းဆောင်ရည်မြှင့်သင်တန်းအား မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ရဲအကူတပ်ဖွဲ့ခွဲမှူးရုံးခန်းမ၌ ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ရဲအုပ်ကြီးလူလူသန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် ရဲတပ်ဖွဲ့အတွင်းခေါင်းဆောင်မှု (Police Leadership)၊ အယူစွဲအခြေခံကြောင့်ဖြစ်ပွားသော ရာဇဝတ်မှုခင်းများကို ကာကွယ်တားဆီးခြင်း (Hate Crime)၊ ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ် (Community Policing)၊ (Community Police) လုပ်ငန်းစဉ်၊ (Problem Oriented Policing၊ Decentralization) သင်ခန်းစာများ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက် ခရိုင်များတွင်လည်း အလားတူသင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းကာလမှာ ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရှစ်ရက်တိုင်တိုင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် မကွေးခရိုင်ရဲတပ်ဖွဲ့မှ အရာထမ်း ၂၅ ဦး တက်ရောက်ခဲ့သည်။ **(ကြေးမုံ)**


### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ်(၁၆၄)ဟုခေါ်တွင်သော(၆)ထပ်တိုက် အဆောက်အအုံ၏ (၄)လွှာ၊A/B ၊ ဧရိယာ (၁၂½×၄၀)ပေရှိ ရေမီးစုံ(ဝဲ+ယာ)တိုက်ခန်း(၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တိုက်ခန်းပိုင်ရှင် ဦးကျင့်လျှန်း ဟန်[၁၃/တခလ(နိုင်)၀၀၁၇၉၃]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများမှ စရန်ငွေတစ်စိတ် တစ်ဒေသပေးထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်း(၂)ခန်းနှင့်ပက်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံ သော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

ညွှန်ကြားချက်အရ
ဦးမောင်မောင်တင် **LL.B.,D.B.L**
တရားလွှတ်တော်ရှေ့နေ(၃၃၃၆/၈၅)
အမှတ်-၅၀၊ပထမထပ်၊အခန်း(**A-7**)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁ဂျေ)၊ မြေကွက်အမှတ် (V-၅၂)၊ မြေကွက်တည်နေရာအမှတ်(၁၃)၊ ယုဇနလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဦးဘရှိန်နှင့် ဒေါ်အေးတင် အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် ဦးဘရှိန်နှင့်ဒေါ်အေးတင်တို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ် ၉၂၄/၁၉၉၂(၁၇-၇-၉၂)အရ သားသမီးများဖြစ်သော(၁)ဒေါ်လှရီ (၂)ဦးတင်ရွှေ (၃)ဒေါ်တင်တင်လှတို့မှ ပိုင်ဆိုင်ပြီး ဦးတင်ရွှေ ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့် အစုအား ဇနီးဖြစ်သူ ဒေါ်ခင်အေး[၁၂/ပဇတ(နိုင်)၀၁၄၂၂၇]နှင့် ကျန်ပိုင်ဆိုင်သူများဖြစ်သော ဒေါ်လှရီနှင့် ဒေါ်တင်တင်လှတို့မှ အပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့၏ ပိုင်ဆိုင်ခွင့်အစုအား တူဖြစ်သူဦးဝင်းမြင့်[၁၂/ပဇတ(နိုင်)၀၁၅၀၄၁]တို့က အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများ တင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ မြေကွက်အမှတ် (၉၂၀/က)၊ မြေကွက်တည်နေရာအမှတ်(၉၂၀/တ)၊ ထူပါရုံ(၁၀)လမ်းအနောက်၊ ၁ ရပ်ကွက်၊ သာကေတမြို့နယ် (ဦးတင်ရွှေ) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ကျင်အေး [၁၂/လမတ(နိုင်) ၀၀၉၁၇၀]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၇၈၀/၂၀၁၄) ရသူ ဦးမြင့်ထူး [၁၄/မမန (နိုင်) ၁၂၈၅၄၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်


အင်းစိန်မြို့၊ မြို့သစ်(ဂ)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်-၄၉၃/ကဟု ခေါ်တွင်သည့် ပေ၂၀×ပေ၆၀ရှိ ပါမစ်မြေနှင့်မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်သူ ဒေါ်ကျင်အိ[၁၂/အစန(နိုင်)၀၃၂၄၇၅]ထံမှ ကျွန်မ၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ ကန့်ကွက်လိုသူရှိပါက မည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ယနေ့မှစ၍ (တစ်ပတ်)အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရီရီအေး(**B.A,R.L**)
တရားလွှတ်တော်ရှေ့နေ(စဥ်-၄၉၄၅)
အခန်း(**A-6**)၊ **May Shopping Centre** အပေါ်ထပ် ပန်းဆိုးတန်းနှင့်ကုန်သည်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၁၃၅၈၇၆

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ လူနေရပ်ကွက် အမှတ်-ဒဂုံ(အရှေ့) ၁၃၀၊ မြေကွက်အမှတ်-(၁၂၅၁) ဟု ခေါ်တွင်သော အကျယ် အဝန်း (၄၀ပေ×၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလ အမည်ပေါက်ပိုင်ရှင် ဦးအေးသန်းထံမှ အရပ်စာချုပ်အစပ်အဆက်ဖြင့် ဝယ်ယူထားခဲ့သူ ဦးဝင်းချို ကွယ်လွန်ပြီးဖြစ်၍ ဦးဝင်းချို၏ ဇနီးဖြစ်ပြီး မြေကွက်လက်ဝယ်ရှိသူ ဒေါ်ဝေဝေမာ [၁၂/မရက (နိုင်)၁၂၉၆၃၃]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား စာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်လျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးထင်လင်းနိုင် (**LL.B, D.B.L**)
တရားလွှတ်တော်ရှေ့နေ (စဥ်-၇၁၁၂)
ရုံး- တိုက်(၉/၁၁)၊ အခန်းအမှတ်(၀၀၅ -ဘီ)၊
၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၃၉၃၀၆



# မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား အစိုးရအချင်းချင်းကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ စာချုပ်ချုပ်ဆိုပွဲနှင့် အစည်းအဝေးကျင်းပ

## ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်



**နေပြည်တော်  ဩဂုတ်  ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အစိုးရအချင်းချင်းကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုပွဲနှင့် ကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်သည်။**(ယာပုံ)**

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့တက်ရောက်ကြပြီး ရုရှားနိုင်ငံမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E.Mr.Alexey V. Ulyukaev၊ ကိုယ်စားလှယ်များနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ သဘောတူစာချုပ်ကို ဒုတိယသမ္မတ ဦးညွန့်ထွန်း၏

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ☆**

## ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက် ညသန်းခေါင်အချိန်၌ရှိနေကြသော မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁၄၁၉၄၂၀ ဦးဖြစ်ကြောင်း ရှေ့ပြေးလူဦးရေစာရင်းထုတ်ပြန်

**ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ရှေ့ပြေးလူဦးရေစာရင်းဆိုင်ရာ ထုတ်ပြန်ကြေညာချက်**
**(၂၉-၈-၂၀၁၄)**

၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအား ကြိုတင်ပြင်ဆင်ခြင်း၊ စာရင်းကောက်ယူခြင်း၊ စာရင်းဇယားပြုစုခြင်းနှင့် စာရင်းထုတ်ပြန်ခြင်းဟူ၍ အဆင့် (၄)ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ဒုတိယအဆင့်ဖြစ်သော မြေပြင်ကွင်းဆင်းသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းပြီးစီးပြီဖြစ်၍ တတိယအဆင့်ဖြစ်သော စာရင်းဇယားပြုစုခြင်း(Data Processing)လုပ်ငန်းအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ○**

## (၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေး(ASCC) ပုဂံမြို့၌ ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော်  ဩဂုတ်  ၂၉**

(၁၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးအဆင့် အစည်းအဝေး [12th ASEAN Socio-Cultural Community(ASCC) Council Meeting]ကို စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.asean 2014.gov.mm မှ Home Page တွင်ရှိသည့် Upcoming Events ၌ 12 th ASEAN Socio-Cultural Community (ASCC) Council Meeting ကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို စက်တင်ဘာ ၂၀ ရက်နေ့ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၃၈၄သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

### ယနေ့ မာတိကာ


**အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်း** စာမျက်နှာ - ၂

**ပါပူဝါနယူးဂီနီတွင် မီးတောင်ပေါက်ကွဲ** စာမျက်နှာ - ၄

**ယမကာသုံးစွဲမှု လျော့နည်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေး** စာမျက်နှာ - ၇


## ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒို ဥရောပအကောင်းဆုံးကစားသမားဆု ဆွတ်ခူး

**နိုင်လင်းကြည်**

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီစူပါစကား စီရိုနယ်လ်ဒိုသည် ဘိုင်ယန်မြူးနစ်ကစားသမားနှစ်ဦးဖြစ်သည့် နျူအာနှင့် ရော်ဘင်တို့ကို ကျော်ဖြတ်ကာ ဥရောပအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။



ပေါ်တူဂီအသင်းခေါင်းဆောင် စီရိုနယ်ဒိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၇ ဂိုးဖြင့် စံချိန်တင်သွင်းယူနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းအား ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့သူဖြစ်သည်။

ဘိုင်ယန်ဂိုးသမား နျူအာသည် ဂျာမနီအသင်းအား ကမ္ဘာ့ဖလားရယူပေးနိုင်ခဲ့ပြီး တောင်ပံကစားသမား အာဂျန်ရော်ဘင်မှာမူ နယ်သာလန်အသင်းအား ကမ္ဘာ့ဖလားတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ■**

**ရီးယဲလ်တိုက်စစ်မှူး စီရိုနယ်လ်ဒို ဥရောပအကောင်းဆုံးကစားသမားဆုနှင့်အတူ တွေ့ရစဉ်။**




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက်
## (ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ရုံးချုပ်)တိုင်းဒေသကြီးနှင့် ပြည်နယ်များ တွင် အသုံးပြုရန်လိုအပ်သော မီတာများတွင် ဆီးလ်ခတ်ရန်အတွက် Mega Twister Seal များအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၉-၈-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၉-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါ သည်။

**ပစ္စည်းစီမံရေးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**ရုံးအမှတ်(၅၃)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၃၁၂၈၅၊ ၀၆၇-၄၃၁၂၈၄၊**
**Fax-၀၆၇-၄၃၁၁၈၅**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်ရန်အတွက် ၄၀၀ ဗို့ဓာတ်အားလိုင်းများအား ABC System ဖြင့် အသစ်တည်ဆောက်ခြင်းအတွက် လိုအပ်သော လိုင်းပစ္စည်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့်ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၁-၉-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၁၀-၉-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၅၃)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၂၈၄၊ ၀၆၇-၄၃၁၂၈၅၊ ဖက်စ်-၀၆၇-၄၃၁၁၈၅**

## တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့ အထက(ခွဲ)အလက (၂)ဒသမတန်းမှ မလင်းလဲ့တာရာ၊ တတိယတန်းမှ မောင်လင်းခန့်ကျော်၊ ဒုတိယတန်းမှ မဂျူးမီမီကျော်၊ မခြူးမီမီကျော် တို့၏ မိခင်ဒေါ်နုနုရင်(ခ)ဒေါ်နုနုရီ[၆/ထဝန(နိုင်) ၀၉ ၁၂၆၈]သည် အမည်နှစ်မျိုးဖြစ်ပြီး လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂)၊ ဒသမတန်း(င)မှ မသဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်သန်း (TTN-197222) ဖြစ်ပါကြောင်း။

**ဦးအောင်သန်း**

## မိဘအမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ သဗျာကျေးရွာနေ လောင်းလုံးအထက၊ အဋ္ဌမတန်း(စီ)မှ မမြတ်နိုးခိုင်၏ မိဘအမည်အမှန်မှာ ဦးဇော်ထိုက်-ဒေါ်ခိုင်ခိုင်ဇာတို့ဖြစ်ပါသည်။

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(၂)ဒသမတန်း(င)မှ မောင်မင်းဟိန်းစိုး၏ ဖခင်အမည်မှန်မှာ ဦးရန်နောင်စိုး(ခ)ဦးစောရန်နောင်စိုး[၁၀/သထန(နိုင်)၀၇၀၇၅၅] ဖြစ်ပါကြောင်း။

**ဦးရန်နောင်စိုး(ခ)ဦးစောရန်နောင်စိုး**

Accredited by Association of MBAs | MyMBA

IELTS

IELTS Preparatory Course

English for Academic Purpose (EAP)

EPIC

No.17, 2nd Floor, Room(A), Shankone Street, Myaynigone, Sanchaung Township, Yangon.
Ph: 09 33 234 888, 011 223 840

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၁) ရန်ကင်း၊ ဘောက်ထော် ပေ(၄၂×၇၀)၊ ဂရန်မြေ
သိန်း-၂၀၀၀၀
(၂)အလံပြဘုရားလမ်း၊ ဒဂုံ(၁) ကျောင်းနား ပေ(၁၄×၅၅)၊ ဟောင်ကောင် ၂လွှာ၊ တိုက်ကတုံး သိန်း-၁၆၀၀၊
(၃) လှည်းတန်း၊ အဝေရာလမ်း၊ ပေ(၁၂×၅၀) နေထိုင်ရန် အသင့်ပြင်ဆင်ပြီး
သိန်း-၅၀၀

**ဖုန်း - ၀၉၂၅၀၃၇၂၃၆၃၊ ၀၉၂၅၀၉၆၃၈၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ်(၇၆)၊ မြေကွက်တည်နေရာအမှတ်(၇၆)၊ (၈၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်ဟန်သီဦး[၁၂/စခန(နိုင်)၀၀၀၃၀၂] အမည်ပေါက်နှစ်(၆၀)ဂရန်မြေကိုအမည်ပေါက်ဒေါ်ဟန်သီဦးကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလကထုတ်ပေးထား သည့်ဒေါ်ဟန်သီဦး အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်း စာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေ စီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက် ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေပြည်သာမြို့နယ်ရှိ မြေကွက်များဝယ်လိုသည်။

## ဖုန်း-၀၉-၄၃၁၇၁၇၃၄

## အများသိစေရန်ကြေညာခြင်း

ဦးဒတ္တား၊ ဒေါ်သိန်းမြ(ဗမာ၊ ဗုဒ္ဓ)ဇနီးမောင်နှံတို့တွင် ဒေါ်သန်းသန်းညွန့်[၁၂/ကမရ(နိုင်)၀၄၈၈၁၃]နှင့်ဦးစိန်ဝင်း[၁၂/ကမရ(နိုင်)၀၄၇၂၅၆]သားသမီး (၂)ဦးမွေးဖွားခဲ့ပါသည်။ ယခုအခါမိဘများကွယ်လွန်သွားပြီဖြစ်၍ အမှတ်(၁၅၀)၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်(၈၀)၊ မြေတိုင်းအမှတ်(၃၅)၊ ကမာရွတ်မြို့နယ်၊ အကျယ်အဝန်း(၁၂. ၅ပေ×ပေ၅၀)ရှိသောမြေကွက်သည် အမွေအဖြစ်ကျန်ခဲ့ပါသည်။ အမွေစားအမွေခံအဖြစ်ဒေါ်သန်းသန်း ညွန့်နှင့် ဦးစိန်ဝင်းတို့သာရှိပြီး အခြားသက်ဆိုင်သူတစ်ဦးတစ်ယောက်မရှိပါ။ အဆိုပါမြေကွက်ပေါ်တွင် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် ဦးကြည်စိုး( ဟိန်းထက်သာကုမ္ပဏီ)နှင့်စာချုပ်ချုပ်ဆိုပြီး အစ်မဖြစ်သူဒေါ်သန်းသန်းညွန့်မှ မြေညီထပ်နှင့်အပေါ်ဆုံးထပ်၊ မောင်ဖြစ်သူဦးစိန်ဝင်းသည် ပထမထပ်၊ ကျန်တိုက်ခန်းများကို ဦးကြည်စိုးမှရယူရန်၊ အခန်းပေးအခန်းယူ(၆)ထပ် R.C နှစ်ခန်းတွဲ ဆောက်လုပ်ခြင်းကန်ထရိုက်တိုက်စာချုပ်၊ ပစ္စည်းခွဲဝေခြင်း ကတိစာချုပ်တို့ သဘောတူချုပ်ဆိုပြီးပြီဖြစ်ကြောင်း၊ နောက်နောင်တွင် အငြင်းပွားခြင်း၊ ကန့်ကွက်ခြင်းမပြုလုပ်ကြပါရန် သဘောတူပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေနှင်းဦး(စဉ်-၃၂၉၀၉)**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၃၀၁၂၂၃၉**

**ဦးမင်းကိုလွင်(LL.B)(စဉ်-၄၁၄၂၈)**
**Legal Practitioner & Consultant**
**ဖုန်း-၀၉-၄၂၅၃၀၄၉၃၄၊ ၀၉-၄၂၀၁၂၁၄၃၄**

**အမှတ်(၆၀)၊ ဒုတိယထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**







Home
"Double လက်ဆောင်"




Floor ၁ ကျင်း → Wall ၁ ကျင်း လက်ဆောင် ⊕ လက်ဆောင်



Germany Technology

Yangon - 09 730 84940, 09 73084841 Nay pyi taw - 09 731 77100

ENGLISH Conversation Practice

09 49 285282

ဧရာဝတီ / ...

PROBOX 1300CC TAXI

PH : 09-421012739, 01-548013


## အများသိစေရန်ကြေညာချက်


ရွှေချောင်း တစ်သိန်း/နှစ်သိန်း ဝန်းကျင်ဖြင့် ရှုတိုင်း ရွှေပြားလက်ဆောင် ပေးနိုင်ပြီ။



+ 2.5 ...

99.99 %

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌဦးသာဌေး(Original Group Co., Ltd)၊ ဒုဥက္ကဋ္ဌဦးအိုက်ထွန်း (ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီ)၊ အထွေထွေအတွင်းရေးမှူးဦးရန်ဝင်း(A-1 Const:Co.,Ltd)၊ အလုပ်အမှုဆောင် ဦးအောင်ထွေး (Golden Flower Co., Ltd) တို့မှ ပူးပေါင်းဆောက်လုပ်လှူဒါန်းသော ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးကို ၂၅-၈-၂၀၁၄ ရက် (တနင်္လာနေ့)တွင် ဖွင့်လှစ်ပွဲအတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ**
**လုပ်ငန်းရှင်များအသင်း**









**မြေညီထပ်တိုက်ခန်းရောင်းမည်**
ပွဲစားမလို
၁၉လမ်း၊အောက်ဘလောက်
(၃)ရပ်ကွက်၊ လသာမြို့နယ်
ဦးအကောက်
**ဖုန်း-၀၁-၃၈၂၁၇၁၊**
**၀၉-၂၅၄၅၁၂၈၃၉**



## အမြန်ဆက်သွယ်ပါ

**7D/5443 COROLLA X ASSISTA**

အဖြူရောင်၊ လက်ဝယ်ရှိသူနှင့် တွေ့ရှိသူ အမြန်ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၄၃၀၀၇၁၇၄၊ ၀၉-၂၅၄၃၂၆၆၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၅)လမ်း၊ အမှတ်(၁၆၃၆) ပေ(၂၀×၆၀)ရှိ ဦးစံလှ အမည်ပေါက် အိမ်နှင့်မြေအား စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးခိုင်မောင်စော[၁၂/မရက(နိုင်)၀၁၂၃၈၉]ထံမှ ဒေါ်သူဇာနွယ်[၁၂/ သဃက (နိုင်)၀၄၅၀၅၄]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာနွယ် ဖုန်း-၀၉-၄၄၈၀၅၁၈၇၁**

## ၂၅-၃-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၆)ပါ ဒေါ်ခင်ခင်မေ (ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ)၏ "တရားဝင်ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း" အပေါ်ပြန်လည်ကြေညာချက်

ဒေါ်သင်းသင်းအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ရပသ(နိုင်)၀၃၇၂၉၈]၊ တိုက်အမှတ်(၁၅)၊ ခြောက်လွှာ(ခြေရင်းခန်း)၊ ဧရာဝတီလမ်း၊ စောရန်ပိုင်(မြောက်)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများ သိစေရန် ကြေညာအပ်ပါသည်။

ကွယ်လွန်သူ ဦးစောဘမြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/လမတ(နိုင်)၀၀၃၇၅၃] ကိုကိုင်ဆောင်သူနှင့် ဒေါ်သင်းသင်းအောင်တို့သည် ၂၀၁၄ ခုနှစ်မှစ၍ တရားဝင်အကြင် လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ(၁)နော်ကေသွယ်အောင်(၉နှစ်/၂၀၁၄)၊ (၂)နော်ဝတ်ရည် အောင်(၇နှစ်/၂၀၁၄)(၃)နော်စမ်းသော်တာအောင်(၄နှစ်/၂၀၁၄)တို့ သမီး(၃)ဦးထွန်းကားခဲ့ ပါသည်။

အောက်ပစ္စည်းစာရင်းပါမြေနှင့်အဆောက်အအုံတို့မှာ ခင်ပွန်းဦးစောဘမြင့်နှင့်ဇနီးဖြစ်သူ ဒေါ်သင်းသင်းအောင်တို့နှစ်ဦးပိုင်ပစ္စည်းဖြစ်ပြီး။ အမည်ပေါက်မှာ ခင်ပွန်းဦးစောဘမြင့်၏ အမည်ဖြင့်ရှိပါသည်။ ဦးစောဘမြင့်မှာ ၁၂-၁၀-၂၀၁၂ရက်တွင် ကွယ်လွန်ခဲ့ပါသည်။အောက် စာရင်းပါမြေနှင့်အဆောက်အအုံတို့နှင့် ပက်သက်၍ ၂၅-၃-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၆)တွင် ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ ဒေါ်ခင်ခင်မေ၏"တရားဝင်ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"တွင် "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၃၊ လူနေရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်-၃၇၅၊ ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၃၇၅၊ မင်္ဂလာလမ်း၊ ၄၃ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော တစ်ထပ်ပျဉ် ထောင်အိမ်အပါအဝင် ရေမီးစသည့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၆-၁၀-၂၀၀၅ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတော်၌ စာချုပ်အမှတ် ၄၀၈၆ ဖြင့် ဥပဒေအရ တရားဝင်ပိုင်ဆိုင် လက်ဝယ်ရရှိခဲ့ပြီးဖြစ်ပါသည်။ "ဟု ဖော်ပြကြေညာခဲ့သည်ကို ထိုနေ့ ၂၅-၃-၂၀၁၄ ရက်တွင်မှ ဒေါ်သင်းသင်းအောင်က သိရှိခဲ့ရပါသည်။

အဆိုပါ ဇယားဝင်ပစ္စည်းသည် ခင်ပွန်းဖြစ်သူ ဦးစောဘမြင့်နှင့်ဇနီးဖြစ်သူ ဒေါ်သင်းသင်းအောင်တို့နှစ်ဦးပိုင် ပစ္စည်းသာဖြစ်ပါသည်။ အဆိုပါပစ္စည်းများနှင့်ပတ်သက်၍ ၂၅-၃-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာပါကြေညာချက်အရ ဦးစောသိန်းနိုင်က ၆-၁၀-၂၀၀၅ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အရ တရားဝင်ပိုင်ဆိုင်လက်ဝယ်ရရှိခဲ့ကြောင်း ကြေညာခဲ့ခြင်းမှာ လုံးဝမှန်ကန်မှုမရှိပါ။ တရားဝင်ဇနီးဖြစ်သူ ဒေါ်သင်းသင်းအောင်ကသာ လုံးဝပိုင်ဆိုင်အကျိုး ခံစားခွင့်ရှိပါသည်။ ထိုသို့မှတ်ပုံတင်ချုပ်ဆိုသည့် စာချုပ်နှင့် စာချုပ်ပါပစ္စည်းများတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတော်တွင် တည်ဆဲဥပဒေများနှင့်အညီ မလွဲမသွေ တရားစွဲဆိုတော့မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပစ္စည်းစာရင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ လူနေရပ်ကွက် အမှတ်(၄၃)၊ မြေကွက်အမှတ်(၃၇၅)၊ဧရိယာ(၀. ၀၅၅)ဧကရှိ ဦးစောဘမြင့် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်-၃၇၅၊ မင်္ဂလာလမ်း၊ ၄၃ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၁)ထပ်၊ပျဉ်ထောင်အိမ်အပါအဝင်၊ ရေမီးစသည့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအားလုံး။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဝင်းစိန်) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၃၅/၁၉၇၂)**
**အမှတ်-၉/၁၁၊ အခန်း(၃၀၆)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကျောင်းအလှူ့ဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူ့ဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ**
**ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်**
**ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆**

### အထက(၁)အင်းစိန် နဝမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

အထက(၁)အင်းစိန်၌ ၁၉၂၈ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစားဆရာ၊ဆရာမကြီးများအား နဝမအကြိမ်အာစရိယပူဇော်ပွဲကို အထက(၁)အင်းစိန် ရှောခန်းမတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပါသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် အဝေးရောက် ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသူ ကျောင်းသားဟောင်းများလည်း ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုပါက ဦးတင့်စိန်ဖူး-၀၉-၇၃၀၂၀၈၂၉၊ ဦးမျိုးမြင့်-၀၉-၃၀၂၅၁၇၇၅၊ ဦးတင့်လွင်-၀၉-၅၀၀၃၄၁၄၊ ဦးစိုးနိုင်မြင့်-၀၉-၅၄၁၁၇၇၁၊ ဦးရာဇာမျိုး-၀၉-၅၁၈၄၀၆၄၊ ဦးအောင်သိန်း-၀၉-၅၁၀၄၆၀၆၊ ဦးထွန်းထွန်းအောင်-၀၉-၅၁၄၉၁၈၅၊ ဒေါက်တာစိုးမင်း-၀၉-၅၁၈၈၂၉၈၊ ဒေါ်ခင်စန်းမူ -၀၉-၇၃၀၉၄၆၂၀၊ ဦးသန်းဆွေ -၀၉-၅၁၃၁၃၁၂ တို့ထံ လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ**

### အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၀၀-Fi လူနေရပ်ကွက်မှတ်-ရွာမ၊ မြေကွက်အမှတ်-၇၄ က°/၁Ai အကျယ်အဝန်း (၀.၁၄၁)ဧကရှိ မြေပိုင်မြေ လ/နဝ-ခ ရှိပြီး မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၇)ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ...

**လွှဲအပ်သူ့ကြားချက်အရ- ဦးသန့်ဇော်ဝင်းဦး(LL.B.,LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၂)**
**အမှတ်(၁၀၆)၊ ပထမထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၈၀၁၈**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉/Ai မြေကွက်အမှတ်-၅၅၊ မြေကွက်တည်နေရာအမှတ်(၅၅)၊ သစ္စာ(၃) လမ်း၊ ၃၉/A ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း ... ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၁၊ မြေကွက်အမှတ်-၉၄၃၊ ... ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါသည်

### သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**


Amazing Land Travels & Tours Co.,Ltd.

FOREVER TOP

SILVER STAR GUEST HOUSE

### ဆီဘောက်ဆာ ရောင်းရန်ရှိသည်

isuzu 1987

### မောင်ညိုပြာ သံမဏိ ခွပ်ဒေါင်း


### (၂)ထပ်တိုက်ရောင်းမည်

မြင်းခြံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ဘဘလမ်း၊ ဈေးအနီး၊ ဘိုးဘွားပိုင်မြေ
မြေအကျယ်အဝန်း(၀.၀၄၃)ဧက(၂၄'×၇၂')
စီးပွားရေးလုပ်ကိုင်ရန်နေရာကောင်း

**စုံစမ်းရန်ဖုန်း - ၀၁-၅၄၆၇၅၁၊ ၀၁-၅၃၈၁၈၂၊ ၀၉-၄၂၀၀၅၉၈၇၀၉**

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ တိုက်အမှတ်-၇၇၁/၇၇၅/၇၇၇၏ ... အများသိစေအပ်ပါသည်။

**အမှုသည်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**(ရန်ကုန်)ဦးမောင်မောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၇၇၃)**
**ABEL & Partners LLP**
အမှတ်-၁၄၂/၁၄၄၊ ၃လွှာ(ယာ) လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

